# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် | ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်၊ သောကြာနေ့ | အတွဲ (၆၄)၊ အမှတ် (၁၃၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်သို့ အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိ

မန္တလေး ဖေဖော်ဝါရီ ၁၃

မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ကမ္ဘာကသိရှိစေရန် ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်သို့ အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် သနပ်ခါးနှင့်ပတ်သက်၍ အများပြည်သူ၏ သဘောထားစစ်တမ်းကောက်ခံခြင်းကို ဆောင်ရွက်လျက်ရှိပြီး မတ်လမတိုင်မီ ယူနက်စကိုသို့ တင်ပြသွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ❈*

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်

## ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ နှစ်ရက်တိုး၍ ကျင်းပသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ပြပွဲစတင်သည့်ရက်မှစ၍ နေ့စဉ် ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ပြည်သူများ၊ MSME လုပ်ငန်းရှင်များ တစ်ခဲနက်လာရောက်ကြပြီး အထူးစိတ်ပါဝင်စားစွာ ပါဝင်ဆင်နွှဲကြသည့်အတွက် ပြပွဲကို ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက် နှစ်ရက်တိုး၍ ကျင်းပသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီမှ သိရသည်။

သတင်းစဉ်


**ယနေ့ ဖတ် စ ရာ**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲစတုတ္ထနေ့သို့ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ MSME လုပ်ငန်းရှင်များနှင့် ပြည်သူများ တစ်ခဲနက်လာရောက်လေ့လာ — ပြည်တွင်းသတင်း — စာ ၉

နိုင်ငံတော်အခွန်ဘဏ္ဍာ နစ်နာဆုံးရှုံးမှုမရှိစေရေး တရားမဝင်ကုန်သွယ်မှုများအား ရှောင်ကြဉ်ပေး — ဆောင်းပါး — စာ ၁၀

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ကဏ္ဍအလိုက် ဌာနဆိုင်ရာပြခန်းများ၌ လာရောက်လေ့လာကြည့်ရှုသူများဖြင့် စည်ကား — ပြည်တွင်းသတင်း — စာ ၁၂




# အာဟာရပြည့်ဝ၊ ဝင်ငွေရသည့်သီးနှံ ပဲမျိုးစုံ တိုးချဲ့စိုက်ပျိုး

ပဲသည် အာဟာရဓာတ်များစွာကြွယ်ဝပြီး ခန္ဓာကိုယ်ကြီးထွားစေသည့် အစားအစာအုပ်စုတွင် ပါဝင်ခြင်းကြောင့် လူတို့အတွက် အရေးပါသည့် သီးနှံဖြစ်သည်။ ကမ္ဘာတစ်ဝန်း ပဲမျိုးစုံ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး နှင့် ပဲမှရရှိသည့် ကောင်းကျိုးများကို သိရှိနိုင်ကြစေရန် ရည်ရွယ်၍ နှစ်စဉ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့ကို ကမ္ဘာ့ပဲမျိုးစုံနေ့အဖြစ် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင်ကျင်းပသည့် ကုလသမဂ္ဂ အထွေထွေညီလာခံက သတ်မှတ်ကြေညာခဲ့ရာ ၂၀၁၉ ခုနှစ်မှ စတင်၍ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် ကျင်းပလာခဲ့ကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ပဲမျိုးစုံ အများဆုံးထုတ်လုပ်တင်ပို့သည့် နိုင်ငံတစ်ခုဖြစ်သည်။ နှစ်စဉ် စပါးစိုက်ဧက ၁၇ သန်းကျော်ရှိပြီး ပဲမျိုးစုံ စိုက်ဧက ၁၀ သန်းကျော်ရှိရာ မြန်မာနိုင်ငံအတွက် ပဲမျိုးစုံသည် စပါးပြီးလျှင် ဒုတိယအရေးကြီးသည့် သီးနှံဖြစ်သည်။ မြန်မာနိုင်ငံ၏ အဓိကစိုက်ပျိုးသီးနှံများမှာ စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ ဝါ၊ ကြံတို့ဖြစ်ရာ တစ်နိုင်ငံလုံး လယ်ယာစိုက်ပျိုးသီးနှံများ ထုတ်လုပ်မှု၏ သုံးပုံတစ်ပုံခန့်မှာ ပဲအမျိုးမျိုးဖြစ်သည်။ စိုက်ပျိုးမြေဧရိယာအားဖြင့်ဆိုပါက စုစုပေါင်းစိုက်ဧက၏ ၂၀ ရာခိုင်နှုန်းမှာ ပဲမျိုးစုံစိုက်ပျိုးနေခြင်းဖြစ်သည်။ ယင်းအနက် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့မှာ အများဆုံးစိုက်ပျိုးသည့် ပဲမျိုးများဖြစ်ပြီး ပဲစိုက်ဧက စုစုပေါင်း၏ ၇၂ ရာခိုင်နှုန်းရှိသည်။ ကျန် ၂၈ ရာခိုင်နှုန်းမှာ ပဲပုပ်၊ မြေထောက်ပဲ၊ ကုလားပဲ၊ ထောပတ်ပဲ၊ ပဲလွန်း၊ ပဲယင်း၊ စားတော်ပဲ၊ အခြားပဲများ စိုက်ပျိုးကြခြင်းဖြစ်သည်။

မိမိတို့နိုင်ငံတွင် မိုးစပါးစိုက်ပျိုးဧက ၁၄ ဒသမ ၉ သန်း ရှိပြီး စပါးအပြီး သီးထပ်စိုက်ပျိုးခြင်း မပြုသည့် မြေဧက ၇ သန်းကျော်ရှိသည်ဟုသိရသည်။ စိုက်ပျိုးမြေများကို အကျိုးရှိစွာအသုံးချနိုင်မှု နည်းပါးခြင်း၊ မြေတစ်ဧကချင်းအလိုက် အကျိုးရှိစွာ ဆောင်ရွက်နိုင်မှု မရှိခြင်း၊ နိုင်ငံအတွင်း မြေ၊ ရေ၊ သယံဇာတနှင့် လူသားအရင်းအမြစ်များ ရှိပြီးဖြစ်သော်လည်း အကျိုးဖြစ်ထွန်းစေရန် စွမ်းအားရှိသမျှ အသုံးမပြုနိုင်ခြင်းကြောင့် နိုင်ငံ၏အဓိကကုန်ထုတ်လုပ်မှုဖြစ်သည့် လယ်ယာကဏ္ဍကြီး၏ ဂျီဒီပီပါဝင်မှုမှာ နည်းပါးနေရသည်။ အာဆီယံနိုင်ငံများ၏ ဂျီဒီပီနှင့် နှိုင်းယှဉ်ပါက ထိပ်ဆုံး သုံးနိုင်ငံ၏ ဂျီဒီပီသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ ကျော်၊ ၄၀၀ ကျော် ရှိနေချိန်တွင် မိမိတို့နိုင်ငံ၏ ဂျီဒီပီမှာ အမေရိကန်ဒေါ်လာ ၅၀ ကျော် ၆၀ နီးပါးဖြင့် အောက်ပိုင်း၌ ရောက်ရှိနေသည်။ အာဆီယံထိပ်ဆုံးပိုင်းနိုင်ငံတို့၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးပို့ကုန်ပမာဏများမှာ မိမိတို့နိုင်ငံထက် များစွာသာလွန်လျက်ရှိသည်။

နိုင်ငံ၏အဓိကစိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက်နှင့်အညီ ထွက်ရှိအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ သီးထပ်စိုက်ပျိုးစွမ်းအား မြှင့်တင်ခြင်းတို့ကို လက်တွေ့အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက လယ်ယာကဏ္ဍ ဂျီဒီပီပါဝင်မှုအချိုး တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံ့စီးပွားမြင့်မားလာမည်ဖြစ်သည်။ သီးထပ်စွမ်းအားမြှင့်တင်ရာတွင် မြန်မာတောင်သူတို့နှင့်ရင်းနှီးပြီးဖြစ်သော ပဲမျိုးစုံကိုတိုးချဲ့စိုက်ပျိုးခြင်းက အလားအလာကောင်းများစွာ ဖြစ်ပေါ်စေနိုင်သည်။ မြန်မာနိုင်ငံ၏ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှာ ကမ္ဘာ့အဆင့် ၂ နှင့် ၃ တို့တွင် ရှိနေပြီး မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းတို့မှာ ပြည်ပဈေးကွက်သို့ အများဆုံး တင်ပို့နေသည့် ပဲများဖြစ်ရာ သီးထပ်စိုက်ပျိုးခြင်း မပြုသည့် စိုက်ပျိုးမြေဧက ၇ သန်းကျော်တွင် ပဲများစိုက်ပျိုးထုတ်လုပ်မှုကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည်ဆိုပါက ဈေးကွက်သေချာသည့်အလျောက် ပို့ကုန်ပမာဏမြောက်မြားစွာ တိုးတက်လာမည်ဖြစ်သည်။

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေး အဓိကနိုင်ငံဖြစ်သည့်အလျောက် လယ်ယာထွက်ကုန် ဆန်နှင့် ပဲမျိုးစုံတို့ကို နိုင်ငံခြားသို့တင်ပို့မှုမှ ပြည်ပဝင်ငွေရှာဖွေရာတွင် ပြည်ပဝင်ငွေ၏ ၃၈ ရာခိုင်နှုန်းခန့်သည် ပဲမျိုးစုံတင်ပို့မှုမှ ရရှိခြင်းဖြစ်သည်ဟု သိရသည်။ နှစ်စဉ် ပဲမျိုးစုံရောင်းချမှုမှ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၀၀၀ ကျော် ၁၅၀၀ ခန့်ရရှိနေရာ တောင်သူတို့အတွက် ဝင်ငွေရသီးနှံ (Cash Crop) ဖြစ်သကဲ့သို့ စားသုံးသူပြည်သူများအတွက် အာဟာရပြည့်ဝသည့် သီးနှံပဲမျိုးစုံတို့ကို သီးထပ်စွမ်းအားမြှင့်တင်၍ တိုးချဲ့စိုက်ပျိုးကြရပါမည့်အကြောင်း။ ။



## မိသားစု ထမင်းဝိုင်း

❖ အလုပ်ဆင်းချိန်၊ ဆည်းဆာမိုန်၌
အိမ်သို့ တန်းမတ် ပြန်မြဲကို။

❖ ကျူရှင် အဆင်း၊ စက်ဘီးနင်း၍
ချက်ချင်း အိမ်ပြန်မြဲပါကို။

❖ ဆိုင်သိမ်းပြီးလျှင်၊ သုတ်သုတ်နှင်သည်
အိမ်တွင်ဆုံကြ ရန်ပါကို။

❖ ဖွယ်ရာ မြိုးမြက်၊ ညစာချက်၍
မပျက်စောင့်လင့် နေမြဲကို။

❖ တစ်ရံတစ်ခါ၊ မစုံပါက
စုံလာသည်ထိ၊ အူလိပ်ဘိလည်း
တို့မိသားစု စောင့်မြဲကို။

❖ မိသားစုစုံ၊ စားပွဲခုံမှာ
လက်ဆုံစားရင်း၊ အိမ်အတွင်းကို
ပွင့်လင်း ချိုသာ၊ ပြောဆိုကာဖြင့်
များစွာနေ့သစ်၊ တို့ဖွင့်လှစ်သည်
စိတ်သစ် လူသစ်နှင့်ပါတည်း။ ။

(ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးသို့)

ကို(တက္ကသိုလ်)

## နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီ ၁၄ ရက်၌ နေရာကွက်ကျား မိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## MSME ချေးငွေများ လျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်း တိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၆ ခုတို့မှ ထုတ်ချေးပေးလျက်ရှိသဖြင့် ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများနှင့် ဆက်သွယ်၍ ချေးငွေများ လျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့

## ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်း၍ ထပ်မံအသိပေးကြေညာချက်

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန်အတွက် ၂၅-၁၀-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ်၊ ၀၅၅/၂၀၂၄ နှင့်အညီ လုပ်ငန်းလိုင်စင် လျှောက်ထားရယူရန်နှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၅ နှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ၃၀-၁၀-၂၀၂၄ ရက်နေ့ထုတ် သတင်းစာများတွင် အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသူများအနေဖြင့် လုပ်ငန်းလိုင်စင် လျှောက်ထားမှုကို ၁၈-၁၁-၂၀၂၄ ရက်နေ့မှ စတင်လျှောက်ထားရန် ၇-၁၁-၂၀၂၄ ရက်နေ့ထုတ် သတင်းစာများတွင် ကြေညာထားရှိပြီးဖြစ်သောကြောင့် အဆိုပါလျှောက်ထားမှုများကို ၁၇-၂-၂၀၂၅ ရက်နေ့အထိ သုံးလအတွင်း နောက်ဆုံးထား လျှောက်ထားရန်နှင့် လျှောက်ထားခြင်း မရှိ (မရှိ) သောသူများသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၅ နှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ၁၁-၁၂-၂၀၂၄ ရက်နေ့ထုတ် သတင်းစာများတွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ကို ၁၈-၁၁-၂၀၂၄ ရက်နေ့မှ ၁၇-၂-၂၀၂၅ ရက်နေ့အထိ သုံးလအတွင်း နောက်ဆုံးလျှောက်ထားရမည့်ရက်သည် ပြည့်မြောက်တော့မည်ဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းလိုင်စင်များကို လျှောက်ထားရန်နှင့် လျှောက်ထားခြင်း မရှိ(မရှိ)သောသူများသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၅ နှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးဝန်ကြီးဌာန

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်တရားရုံးများမှ တရားသူကြီးချုပ်များ၊ တရားသူကြီးများအား တွေ့ဆုံမှာကြား

## တရားစီရင်ရာတွင် ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်စွာ စစ်ဆေးစီရင်ကြရန်နှင့် ပြည်သူများယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ဖြစ်ထွန်းစေရေးကြိုးပမ်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ပြည်ထောင်စုတရားသူကြီးချုပ်သည် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်တရားရုံးများမှ တရားသူကြီးချုပ်များ၊ တရားသူကြီးများကို နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တွေ့ဆုံ၍ မှာကြားသည်။**(ယာပုံ)**




**စစ်ဆေးစီရင်ဆုံးဖြတ်**

ဦးစွာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက တရားစီရင်ရာတွင် ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်စွာ စစ်ဆေးစီရင်ကြရန်နှင့် ပြည်သူများယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ဖြစ်ထွန်းစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ တရားရုံးစီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ကြရာတွင်လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ အချုပ်တရားခံပါအမှုများကို ကြန့်ကြာမှုမရှိစေဘဲ စစ်ဆေးကြရန်နှင့် ခံဝန်အမှုများကိုလည်း ပြီးသင့်ပြီးထိုက်သည့်အချိန်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်ကြရန် လိုကြောင်း၊ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်သည့်အမှုများကိုလည်း ကြန့်ကြာမှုမရှိအောင် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ပြဋ္ဌာန်းထားပြီးဖြစ်သော မူပိုင်ခွင့်ဥပဒေအားလုံးသည် အာဏာသက်ရောက်ပြီးဖြစ်သည့်အတွက် မူပိုင်ခွင့်ဥပဒေချိုးဖောက်၍ စွဲဆိုလာမှုများကို မူပိုင်ခွင့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးစီရင်ဆုံးဖြတ်ကြရန်ဖြစ်ကြောင်း။

အာဆီယံဒေသတွင်း တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အာဆီယံနှင့် မိတ်ဖက်နိုင်ငံများမှ တရားသူကြီးများကို ဖိတ်ခေါ်၍ သင်တန်းများ၊ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ လက်ခံကျင်းပနိုင်ရန်နှင့် တရားသူကြီးများ၊ တရားရေးအရာရှိများ၏ စွမ်းဆောင်ရည် တိုးတက်စေရေးအတွက် လေ့ကျင့်ပျိုးထောင်နိုင်ရန် ရည်ရွယ်ပြီး Judicial College အဆောက်အအုံကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ တရားစီရင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရာတွင် AI နည်းပညာရပ်သည် ချန်လှပ်ထား၍မရသည်ကို သတိချပ်ကြရန်လိုကြောင်းနှင့် AI နည်းပညာကို လက်လှမ်းမီရန်၊ အသုံးပြုနိုင်ရန် ကြိုတင်ပြင်ဆင်လေ့လာထားကြရန်လိုကြောင်း၊ ထို့ကြောင့် တရားသူကြီးများသည် တရားစီရင်ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရုံမျှဖြင့် လုံလောက်ပြီဟုဆိုနိုင်မည်မဟုတ်ဘဲ ပြောင်းလဲနေသည့်ခေတ်ကို မျက်ခြည်မပြတ်လေ့လာ၍ ခေတ်နှင့်အညီ မိမိ၏ ကိုယ်ပိုင်အရည်အချင်းများ တိုးတက် မြင့်မားရေးကိုလည်း အလေးပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**အသိပညာမျှဝေ**

တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ၏ တတိယနှစ် လုပ်ငန်းအစီအစဉ် (၂၀၂၅) အောင်မြင်စေရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်က ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈) ကို ချမှတ်၍ အကောင်အထည်ဖော်လျက်ရှိရာ ယင်းမဟာဗျူဟာတွင် သတင်းပို့အဖွဲ့အစည်းဖြစ်သည့် ရှေ့နေများ၊ နိုတြီပဗ္ဗလစ်များ၊ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများက တာဝန်ခံဆောင်ရွက်ရမည့် အချက်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တာဝန်ခံဆောင်ရွက်မည့် အစီအစဉ်များနှင့် သတင်းပို့အဖွဲ့အစည်းများက ပူးပေါင်းပါဝင်ရမည့်အချက်များ ပါရှိသဖြင့် လေ့လာဖတ်ရှုကြပြီး ဆက်လက်၍ အသိပညာမျှဝေကြရန် တိုက်တွန်းလိုကြောင်း မှာကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။ **သတင်းစဉ်**

***** ***ရှေ့ဖုံးမှ***

အဆိုပါ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ယူနက်စကိုမှ အသိအမှတ်ပြုရေးကို ၂၀၂၀ ပြည့်နှစ်က ဆောင်ရွက်ခဲ့ရာ လိုအပ်ချက်များနှင့် အများပြည်သူပါဝင်သည့် အထောက်အထားများ ထပ်မံဖြည့်ဆည်း၍ ယခုနှစ်တွင် ဆက်လက်ဆောင်ရွက်ခြင်းဖြစ်ပြီး တပို့တွဲလပြည့်နေ့ကို မြန်မာ့သနပ်ခါးနေ့အဖြစ် သတ်မှတ်ထားသည်ဟု ဆိုသည်။

“တပို့တွဲလပြည့်နေ့ဖြစ်တဲ့ ဖေဖော်ဝါရီ ၁၂ ရက်မှာ မြန်မာ့သနပ်ခါးနေ့အထိမ်းအမှတ်လှုပ်ရှားမှုတွေ မန္တလေးမှာ လုပ်ပါတယ်။ သနပ်ခါးကို ဆေးအဖြစ် သုံးတာလား၊ အလှအပအတွက် သုံးတာလား၊ ဘယ်လိုအသုံးဝင်တယ်၊ သနပ်ခါးကို အသက်ကြီးငယ်မရွေး သုံးစွဲတဲ့အကြောင်းနဲ့ ယူနက်စကို အသိအမှတ်ပြုရဖို့ သဘောတူကြောင်း အများပြည်သူရဲ့ သဘောထားစစ်တမ်းကောက်ယူပါတယ်။ QR code ကို Scan ဖတ်ပြီး လူမှုကွန်ရက်ကနေ သဘောထားမှတ်ချက်ပေးလို့ရအောင် ဆောင်ရွက်ကြပါတယ်”ဟု ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါအများပြည်သူတို့၏သဘောထားစစ်တမ်းကောက်ခံချက်များကို ယူနက်စကိုအဖွဲ့အစည်းသို့ တင်ပြသွားမည်ဖြစ်ပြီး သနပ်ခါးနှင့်ပတ်သက်သည့် သဘောထားစစ်တမ်းကောက်ယူမှုများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအောက်ရှိ သက်ဆိုင်ရာ ဌာနခွဲများအလိုက် ဆောင်ရွက်လျက်ရှိရာ တပို့တွဲလပြည့်နေ့က မန္တလေးနန်းမြို့အတွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်နှင့် အောင်မြေသာစံမြို့နယ်ရှိ ရွှေနန်းတော်ကျောင်းတို့တွင် အများ ပြည်သူ ပိုမိုသိရှိပြီး ပူးပေါင်းပါဝင်လာစေရန်အတွက် မြန်မာ့သနပ်ခါးနေ့အထိမ်းအမှတ်အဖြစ် သနပ်ခါးလိမ်းခြယ်ခြင်းနှင့် သဘောထားစစ်တမ်းကောက်ယူခြင်းလှုပ်ရှားမှုများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“မြန်မာ့အတာသင်္ကြန်ပွဲတော်ကို ယူနက်စကို အသိအမှတ်ပြုမှုရခဲ့သလို ရှေးအစဉ်အလာကတည်းက သုံးစွဲခဲ့တဲ့ မြန်မာတို့ရဲ့ သနပ်ခါးယဉ်ကျေးမှုဓလေ့ကိုလည်း ယူနက်စကိုက အသိအမှတ်ပြုဖို့လုပ်နေတာ သိရလို့ ထောက်ခံကြိုဆိုပါတယ်။ ကျွန်မတို့ မြန်မာအမျိုးသမီးတွေ အမြတ်တနိုးနဲ့ လိမ်းခြယ်နေတဲ့သနပ်ခါးကို ကမ္ဘာကသိရှိစေဖို့ ယူနက်စကိုရဲ့ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ဖြစ်စေချင်ပါတယ်။ ကျွန်မဆိုရင် သနပ်ခါးကို မနက်မိုးလင်းတာနဲ့လိမ်းတယ်။ မြန်မာ့ယဉ်ကျေးမှုလည်းဖြစ်ပြီး အလှအပအတွက်ရော ကျန်းမာရေးအတွက်ပါ ဆေးဖက်ဝင်တယ်ဆိုတာ လူတိုင်းသိပါတယ်” ဟု မန္တလေးမြို့မှ ရွှေနန်းတော်ကျောင်းသို့ လာရောက်သည့် ဒေါ်အိဖြိုးဝေက ပြောသည်။

မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကိုမှ အသိအမှတ်ပြုရေးဆောင်ရွက်ရန် အများပြည်သူ ပူးပေါင်းပါဝင်မှုရှိကြောင်းနှင့် သနပ်ခါးသုံးစွဲမှုနှင့်ပတ်သက်၍ မိမိတို့၏သဘောထားများ ဖြည့်ဆည်းရာ၌ သနပ်ခါးသုံးစွဲသည့်အကြောင်းအရင်းနှင့် ယူနက်စကို အသိအမှတ်ပြုရေးတွင် ပူးပေါင်းပါဝင်သဘောတူကြောင်းတို့ကို ဖြည့်စွက်ပေးရမည်ဖြစ်ကြောင်း၊ မြန်မာ့သနပ်ခါးနေ့အဖြစ် သတ်မှတ်ထားသည့် တပို့တွဲလပြည့်နေ့တွင် မန္တလေးမြို့နန်းမြို့အတွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်နှင့် ရွှေနန်းတော်ကျောင်းတို့တွင် သနပ်ခါးများ၊ ကျောက်ပျဉ်များနှင့် မှန်များထားရှိပြီး လာရောက်သူများအား သနပ်ခါးလိမ်းခြယ်စေခြင်းနှင့် QR Scan ဖတ်၍ ၎င်းတို့၏ သဘောထားစစ်တမ်းများကောက်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅) ကျင်းပ

## Solar စီမံကိန်းများကို မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်နိုင်ရေး ဒေသအလိုက် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းပူးပေါင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီ (National Renewable Energy Committee-NREC)၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် (၂၇) ရဲရွာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများ၊ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ဓာတ်အားပေးစက်ရုံရှိစ်ရုံရှိ**

ဦးစွာ အမျိုးသားအဆင့် ပြန်ပြည့်မြဲ စွမ်းအင်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ် (National Grid) နှင့် ချိတ်ဆက်၍ ဓာတ်အားထုတ်လုပ်သည့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအထိ စုစုပေါင်း တပ်ဆင်အင်အား ၆၅၂၀ မဂ္ဂါဝပ်ဖြစ်ကာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် စွမ်းအင်အမျိုးအစားပါဝင်မှု၌ ရေအားလျှပ်စစ်မှ ၅၀ ရာနှုန်း၊ သဘာဝဓာတ်ငွေ့မှ ၄၃ ရာနှုန်း၊ ကျောက်မီးသွေးမှ ၂ ရာနှုန်း၊ ဆိုလာမှ ၄ ရာနှုန်းနှင့် ဒီဇယ်မှ ၁ ရာနှုန်းတို့ကို ထုတ်လုပ်လျက်ရှိပါကြောင်း၊ ယင်းတွင် နိုင်ငံတော် ဓာတ်အားစနစ်နှင့် ချိတ်ဆက်ထားသော နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ရှစ်ရုံရှိပြီး စုစုပေါင်း တပ်ဆင်စက်အင်အား ၂၄၀ မဂ္ဂါဝပ်ရှိပါကြောင်း၊ နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် နှစ်စဉ် ၁၅ ရာနှုန်းခန့် တိုးတက်လျက်ရှိသဖြင့် လက်ရှိအချိန်အထိ လျှပ်စစ်ဓာတ်အားရရှိမှုအချိုး (Electrification Ratio) ၆၈ ဒသမ ၆၉ ရာနှုန်းကျော် ရရှိသုံးစွဲနေပြီဖြစ်ပါကြောင်း၊ ထုတ်လုပ်မှုကို ကာမိစေရန် တည်ဆောက်ဆဲစီမံကိန်း ၁၀ ခုမှ စုစုပေါင်းတပ်ဆင်စက်အင်အား ၁၀၂၆ မဂ္ဂါဝပ်ရှိသော်လည်း အခက်အခဲများကြောင့် အကောင်အထည်ဖော်မှု နှောင့်နှေးနေပါကြောင်း။

ထို့ပြင် အကူအညီ/အထောက်အပံ့အနေဖြင့် တရုတ်နိုင်ငံမှ ၁ ဘီလီယံဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်နှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် နေရောင်ခြည်စွမ်းအင်သုံး စီမံကိန်း လေးခု၊ စုစုပေါင်း ၁၉၀ မဂ္ဂါဝပ် တည်ဆောက်နိုင်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့အကြား နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အလားတူပင် အိန္ဒိယနိုင်ငံ၏ အမေရိကန်ဒေါ်လာ နှစ်သန်းထက်မပိုသော အသေးစားဖွံ့ဖြိုးမှုစီမံကိန်းအောက်မှ နေပြည်တော်ဗဟိုသင်တန်းကျောင်းအဆောက်အအုံတွင် Rooftop နှင့် Ground Mounted Solar ၇၀၀ ကီလိုဝပ် ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်အောက်မှ စီမံကိန်းတစ်ခုစီအတွက် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ဖြင့် ဆောင်ရွက်နိုင်မည့် နေပြည်တော်ဗဟိုသင်တန်းကျောင်း အဆောက်အအုံတွင် Rooftop Solar ၂၅ ကီလိုဝပ်နှင့် လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန ရုံးအဆောက်အအုံတွင် ၂၅ ကီလိုဝပ်တို့ကို ဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ တစ်ဆင့် အိန္ဒိယနိုင်ငံဘက်သို့ အဆိုပြုထားရှိပါကြောင်း၊ NREC ၏ကြိုးပမ်းဆောင်ရွက်မှုများသည် လျှပ်စစ်ကဏ္ဍတွင် ပြန်ပြည့်မြဲစွမ်းအင်မှ ဓာတ်အားတိုးတက်ထုတ်လုပ်နိုင်ရေးနှင့် Green Growth၊ Green Energy၊ Green Economy ဖြစ်စေရေးတွင် တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်ခွင့်ရရှိနေခြင်းလည်း ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံအတွင်း Solar စီမံကိန်းများကို မြန်မြန်ဆန်ဆန် အကောင်အထည် ဖော်နိုင်ရေး ဒေသအလိုက် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးစေလိုကြောင်းနှင့် NREC ကော်မတီ၏ အနာဂတ်ရည်မှန်းချက်များအတွက် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးကို ကော်မတီဝင်များ၏ ဆွေးနွေးမှုများမှ ကောင်းမွန်သောရလဒ်များ ရရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အမျိုးသားအဆင့် ပြန်ပြည့်မြဲ စွမ်းအင်ဆိုင်ရာ ကော်မတီ အတွင်းရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအရဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် NREC အထောက်အကူပြု လုပ်ငန်းအဖွဲ့များ၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဝိုင်းဝန်းအကြံပြုဆွေးနွေး**

ဆက်လက်၍ အမျိုးသားအဆင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီအဖွဲ့ဝင်များနှင့် အစည်းအဝေးတက်ရောက်လာသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် လက်ရှိ ဆောင်ရွက်နေမှုအခြေအနေများ၊ ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြပြီး အမျိုးသားအဆင့် ပြန်ပြည့်မြဲ စွမ်းအင်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၃

**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံအီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံနှင့်အဖွဲ့အား နေပြည်တော်ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



ဦးစွာ ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံက ကမ္ဘာပေါ်တွင် E-Sports အားကစားအဖွဲ့ချုပ်ပေါင်း ၁၄၄ ခုရှိသည့်အနက် မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်ကို ဒုတိယအကောင်းဆုံး အားကစားအဖွဲ့ချုပ်အဖြစ် သတ်မှတ်ခြင်းခံရမှု၊ ပြိုင်ပွဲများများ ကျင်းပပေးနိုင်ပါက စိတ်ပါဝင်စားသူ ပိုမိုများပြားလာပြီး လူငယ်များ ကျယ်ကျယ်ပြန့်ပြန့်ကစားလာစေရန်အတွက် လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အများပြည်သူများအနေဖြင့် E-Sports အားကစားနည်းကို အားကစားနည်းတစ်ခုအဖြစ် မြင်လာအောင် စည်းမျဉ်း/စည်းကမ်းများနှင့် Technical Hand Book များကို စနစ်တကျရေးဆွဲပြီး ဖြန့်ဝေပေးသွားရန်လိုကြောင်း၊ အဖွဲ့ချုပ်မှ တာဝန်ရှိသူများအနေဖြင့် E-Sports အားကစားနည်းကို နိုင်ငံတကာမှ အသိအမှတ်ပြုလက်ခံထားသည့် အားကစားပြိုင်ပွဲ တစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်လာစေရန် ဟောပြောပွဲများတွင် အသိပညာပေး ဟောပြောနိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ လာမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် ဆက်လက်၍ အားထည့်ပြီး ကြိုးစားပေးသွားရန်နှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည်များကို ပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေတောင်မြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြော



**ရွှေတောင် ဖေဖော်ဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်း (ချည်မျှင်) တွင် ယနေ့နံနက်ပိုင်းက ရွှေတောင်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် ရွှေတောင်မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေထက်အောင်က သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆောင်ရန်ရှောင်ရန်နှင့် သိကောင်းစရာများကို ရှင်းလင်းဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားပေးခဲ့သည်။ **ကိုကိုမင်း(ပြန်/ဆက်)**

**အိမ်ပြင်ပ၌**
**ထွန်းသော မီးများကို**
**နေ့အလင်းရောင်ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့်**
**လျှပ်စစ်ကို ချွေတာပါ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေးအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

## နှစ်နိုင်ငံမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ Mr.Alexander SHPAKOVSKY သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ **(ယာပုံ)**

ရှေးဦးစွာ မြန်မာလက်ရွေးစင်ပုံပြင်များနှင့် (၃၈) ဖြာ မင်္ဂလာပုံပြင်များ (ရုရှား /မြန်မာဘာသာ) စာအုပ်များ၊ ဘယ်လာရုစ်နိုင်ငံ တေးရေးမှ ရေးစပ်ထားသည့် မြန်မာနိုင်ငံအကြောင်း သီချင်းလေးပုဒ်တို့ကို မြန်မာ - ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေး အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌက စာအုပ်များ ပေးအပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# ပဲခူးမြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၃**

မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီနှင့် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက လူငယ်များသည် နိုင်ငံ၏ အဖိုးတန်သည့်လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့်အားလျော်စွာ လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျက်မှောက်ကာလတွင် ရင်းနှီးမြှုပ်နှံခြင်းပြုလုပ်ရန် အလွန်အရေးကြီးပြီး အခြေခံကျကြောင်း၊ လူငယ်များအနေဖြင့် လေ့လာသင်ယူခြင်း၊ ဗဟုသုတ ရှာဖွေစူးစမ်းခြင်း၊ မိမိကိုယ်ကို ရပ်တည်နိုင်အောင်ကြိုးစားခြင်း၊ သမိုင်းကို လေ့လာခြင်း၊ စာပေလေ့လာဖတ်ရှုခြင်းတို့ကို အမြဲမပြတ်ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ အတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က နိုင်ငံ့အနာဂတ်ကောင်းမွန်တိုးတက်စေရေး လူငယ်များတွင် တာဝန်ရှိမှုအပေါ် သိရှိနားလည်နိုင်စေရေး အမှာစကား ပြောကြားသည်။



ယင်းနောက်အမျိုးသားစာပေဆုရှင် မောင်ခြိမ့်က လူငယ်တွေဘဝကို ဘာနှင့်မောင်းနှင်ကြမလဲ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပဲခူးမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ၊ အမျိုးသားစာပေဆုရှင် စာရေးဆရာမ ဝတ်ရည်ခင်(ပဲခူး)က လူငယ်နှင့် အနာဂတ် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ၊ အမျိုးသားစာပေဆု(၈)ကြိမ်ဆုရှင်၊ တစ်သက်တာစာပေဆုရှင် အလင်္ကာကျော်စွာ မြင်းမူမောင်နိုင်မိုးက တိုင်းပြည့်သစ္စာစောင့်သိပါ ခေါင်းစဉ်ဖြင့်လည်းကောင်း မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး၊ နှလုံးရည်ပြည့်ဝစေရန် သုတ/ရသနှင့် စာပေ၏ အကျိုးကျေးဇူးများအား ဟောပြောခဲ့ကြသည်။

ထို့နောက် ပဲခူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှကျောင်းသား ကျောင်းသူများက ဘက်စုံ ပညာကိုယ်ရည်တို့ လှမ်းချီ တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စာရေးဆရာ/ဆရာမကြီးတို့အား ဂုဏ်ပြုလက်ဆောင်နှင့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုငွေများ ပေးအပ်သည်။ ယင်းနောက် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ပဲခူးတက္ကသိုလ်နှင့် ပဲခူးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများအတွက် အားကစားပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မကွေးပညာရေးဒီဂရီကောလိပ် အားကစားပြိုင်ပွဲများ၌ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**မကွေး ဖေဖော်ဝါရီ ၁၃**

ပြည်ထောင်စုနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက မကွေးပညာရေး ဒီဂရီကောလိပ်၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် တတိယနှစ် (ဒုတိယနှစ်ဝက်)နှင့် တတိယနှစ် (ပထမနှစ်ဝက်) တို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ဆုချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသားဘောလုံးပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို လည်းကောင်း၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကိုလည်းကောင်း ဆုများ ပေးအပ်သည်။




မကွေးပညာရေး ဒီဂရီကောလိပ်တွင် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် ပထမနှစ်မှ စတုတ္ထနှစ်၊ အတန်းနှစ် အလိုက် အတန်း(၅)တန်းဖြင့် ပြေးခုန်ပစ်အားကစားနည်း ၁၀ မျိုးပြိုင်ပွဲ၊ အမျိုးသားဘောလုံးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ထုပ်စည်းတိုးပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲစသည့် အားကစားနည်းများကို ကျောင်းသားကျောင်းသူ ၅၀၀ ကျော်က ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

# ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာနှင့်ပတ်သက်၍ ဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်းနှင့် ရတနာစု ကုမ္ပဏီလီမိတက်တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင် (သာကေတ) ၏ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာနှင့် ပတ်သက်၍ အရောင်းဆိုင်စီမံကိန်းဆောင်ရွက်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်မှုများအား အများပြည်သူနှင့်တွေ့ဆုံ၍ ဆွေးနွေးခြင်းကို ယနေ့နံနက်က သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်းမကြီး အမှတ် ၂၇၃/ A၁ ရှိ ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင် (သာကေတ) ၌ ကျင်းပသည်။

ဦးစွာ သာကေတမြို့နယ် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကားပြောကြားပြီး ရတနာစုကုမ္ပဏီလီမိတက် ဒုတိယမန်နေဂျင်းဒါရိုက်တာ ဦးတင်ဦးက အရောင်းဆိုင်စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်(သာကေတ)တာဝန်ခံမန်နေဂျာ ဦးအောင်လွင်ဦးက အရောင်းဆိုင်နှင့်ပတ်သက်သည့် ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြနိုင်မှုအတွက် ဆောင်ရွက်ထားရှိမှုများ၊ အရောင်းဆိုင်စီမံကိန်းဆောင်ရွက်မှုကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်သက်ရောက်နိုင်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများ၊ ပတ်ဝန်းကျင်နေပြည်သူများက သိရှိလိုသည်များကို မေးမြန်းအကြံပြုဆွေးနွေးရာ ဒုတိယမန်နေဂျင်းဒါရိုက်တာ ဦးတင်ဦးနှင့် တာဝန်ခံမန်နေဂျာ ဦးအောင်လွင်ဦးတို့က ဆွေးနွေးအကြံပြုချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားသည်။

**အာကာလင်း**



ပြည်သူ့စစ်မှုထမ်း
နည်းဥပဒေများအား ဖတ်ရှုနိုင်ရန်
ဖော်ပြပေးထားသော Websiteနှင့်
Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm
၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm
၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm
၄။ Myawady Webportal
https://myawady.net.mm
၅။ Myanmar National Portal
https://myanmar.gov.mm

# အထိုင်လျှော့ပါ၊ များများလှုပ်ရှားပါ၊ ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး

ဒေါက်တာရဲတင့်လွင်
(ဆေးသုတေသန)

အထိုင်များခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း စသော ကျန်းမာရေးပြဿနာဖြစ်စေနိုင်သည့် လူမှုဘဝနေထိုင်မှုပုံစံတို့ကို ရှောင်ရှားပြီး ကိုယ်လက်လှုပ်ရှားမှုနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်ခြင်း စသော ကျန်းမာရေးနှင့်ညီညွတ်သော လူမှုဘဝနေထိုင်မှုပုံစံများ တိုးတက်လာစေရေးအတွက် ဤဆောင်းပါးကို ရေးသားပါသည်။

ရှေးဦးစွာ အထိုင်များခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းတို့၏ ဆိုးကျိုးများကို တင်ပြလိုပါသည်။ ကိုယ်လက်လှုပ်ရှားနည်းပါးခြင်းကြောင့် မကူးစက်နိုင်သော နာတာရှည်ရောဂါများ (Non-communicable Diseases) ဖြစ်သည့် အဝလွန်ရောဂါ၊ ဆီးချိုသွေးချို၊ သွေးတိုး၊ နှလုံးသွေးကြောနှင့် ကင်ဆာရောဂါအမျိုးမျိုးကို ဖြစ်ပေါ်စေနိုင်ပါသည်။ ယခုအခါ ယင်းရောဂါများဖြစ်ပွားနှုန်းသည် အလွန်လျင်မြန်စွာ မြင့်တက်လာပြီး ကပ်ရောဂါအသွင်ဆောင်လာသည့် ပြည်သူ့ကျန်းမာရေးပြဿနာ (Public Health Problem) တစ်ခု ဖြစ်လာပါသည်။

အထိုင်များခြင်းသည် ခန္ဓာကိုယ်ဝမ်းဗိုက်အဆီစုခြင်း(ဗိုက်ရွှဲခြင်း)၊ သွေးတွင်းကိုလက်စထရောများခြင်းနှင့် အင်ဆူလင်ဟော်မုန်းအာနိသင်လျော့ကျခြင်းတို့ ဖြစ်စေနိုင်သောကြောင့် နှလုံးသွေးကြော၊ သွေးတိုး၊ ဆီးချိုရောဂါတို့ကို ဆက်နွှယ်ဖြစ်ပွားစေနိုင်ပါသည်။

ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းသည် ကမ္ဘာတစ်လွှားတွင် နှလုံးသွေးကြောရောဂါ ခြောက်ရာခိုင်နှုန်း၊ သွေးချိုဆီးချိုရောဂါ ခုနစ်ရာခိုင်နှုန်း၊ ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ ၁၀ ရာခိုင်နှုန်းအထိ ဖြစ်ပွားနှုန်းမြင့်တက်စေနိုင်ပြီး အချိန်မတိုင်မီသေဆုံးနှုန်းကို ကိုးရာခိုင်နှုန်းအထိ တိုးစေကြောင်း ၂၀၀၈ ခုနှစ် မှတ်တမ်းအရ သိရှိရပါသည်။ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းသည် တစ်နှစ်လျှင် လူဦးရေ ၃ ဒသမ ၃ သန်းခန့် သေဆုံးစေသော ကျန်းမာရေးအန္တရာယ်ဖြစ်စေသည့် စတုတ္ထမြောက် ဦးဆောင်အကြောင်းအချက်ဖြစ်ကြောင်း ၂၀၀၄ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဖော်ပြခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းပြုလုပ်မှု အတိုင်းအတာပမာဏနှင့် ပတ်သက်၍ ၂၀၁၄ ခုနှစ် သုတေသနပြုလုပ်ချက်များအရ လေ့လာသူဦးရေ၏ ၁၅ ဒသမ ၇ ရာခိုင်နှုန်း (အမျိုးသား ၁၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၁၈ ဒသမ ၈ ရာခိုင်နှုန်း) တို့သည် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း ပြုလုပ်မှုနည်းပါးကြောင်း တွေ့ရှိခဲ့ပါသည်။

၂၀၁၈ ခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် သေဆုံးသူအားလုံး၏ ၆၈ ရာခိုင်နှုန်းသည် မကူးစက်နိုင်သောရောဂါကြောင့်ဖြစ်ပြီး ကိုယ်ခန္ဓာလှုပ်ရှားမှု နည်းပါးခြင်းသည် မကူးစက်နိုင်သောရောဂါဖြစ်စေနိုင်သော စတုတ္ထမြောက် ဦးဆောင်အကြောင်းအရာဖြစ်ကြောင်း ဖော်ပြထားပါသည်။

၂၀၂၂ ခုနှစ် လေ့လာတွေ့ရှိချက်အရ ကမ္ဘာတစ်လွှားတွင် အရွယ်ရောက်ပြီး လူကြီး သုံးပုံတစ်ပုံခန့်နှင့် ပျိုဖော်ဝင်ချိန် လူငယ် ၈၁ ရာခိုင်နှုန်းသည် ကိုယ်ခန္ဓာလှုပ်ရှားမှုနည်းပါးသော စာရင်းဝင်နေကြောင်း တွေ့ရှိရပါသည်။

အထိုင်များသော လူနေမှုပုံစံ (Sedentary Lifestyle) ဆိုသည်မှာ အိပ်စက်မနေဘဲ နိုးနေချိန်တွင် ကိုယ်လက်လှုပ်ရှားမှုအတိုင်းအတာ နည်းပါးသော တီဗွီကြည့်ခြင်း၊ ကွန်ပျူတာဂိမ်းကစားခြင်း၊ ကွန်ပျူတာနှင့် လက်ကိုင်ဖုန်းအသုံးပြုချိန်များခြင်း၊ လဲလျောင်းအနားယူချိန်၊ ထိုင်နေချိန်များခြင်းတို့ ဖြစ်ပါသည်။

ကိုယ်လက်လှုပ်ရှားနည်းပါးသည့် (Physical Inactivity) ဆိုသည်မှာ အတော်အသင့်ပြင်းထန်မှုရှိသော ကိုယ်ခန္ဓာလှုပ်ရှားမှု ရက်သတ္တတစ်ပတ်လျှင် မိနစ် ၁၅၀ (သို့မဟုတ်) ပြင်းထန်သော ကိုယ်ခန္ဓာလှုပ်ရှားမှု တစ်ပတ်လျှင် ၇၅ မိနစ်ပြည့်အောင် ဆောင်ရွက်ခြင်းမရှိသော နေထိုင်မှုမျိုးကို ဆိုလိုပါသည်။

" ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ခြင်းဖြင့်ရရှိနိုင်သော အကျိုးကျေးဇူးများမှာ ကလေး၊ လူငယ်များတွင် ကျန်းမာသော ကိုယ်အလေးချိန်ရှိခြင်း၊ ပညာရည်စွမ်းဆောင်မှုကောင်းခြင်း၊ မိမိကိုယ်မိမိတန်ဖိုးထားခြင်း (Self-esteem)၊ နှလုံးသွေးကြောရောဂါဖြစ်ပွားရန် အန္တရာယ်နည်းပါးခြင်း၊ အဝလွန်ရောဂါမဖြစ်ခြင်း၊ အရွယ်ရောက်ပြီး လူကြီးများတွင် ပုံမှန်ကိုယ်အလေးချိန်ထိန်းသိမ်းနိုင်ခြင်း၊ နေ့စဉ်ဆောင်ရွက်ဖွယ်များကိုကောင်းစွာလုပ်ဆောင်နိုင်ခြင်း၊ စိတ်ဖိစီးမှုကို ခံနိုင်ရည်ရှိခြင်း၊ စိတ်ကျရောဂါ ဖြစ်ပွားမှုလျော့နည်းခြင်း၊ မကူးစက်နိုင်သောရောဂါများဖြစ်နိုင်သည့် အန္တရာယ်လျော့နည်းခြင်း၊ သက်ကြီးရွယ်အိုများတွင် ဘဝနေထိုင်မှုအဆင့်အတန်း (Quality of Life) ကို ကောင်းမွန်စေပြီး အမှီအခိုကင်းစွာ နေထိုင်နိုင်ခြင်း၊ ကိုယ်ခန္ဓာခုခံအားကောင်းခြင်း၊ အရိုးပွမှုလျော့နည်းခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာခြင်း (Psychological Wellbeing)၊ ကိုယ်ခန္ဓာလှုပ်ရှားမှုနှင့် ဟန်ချက်ထိန်းသိမ်းနိုင်မှုကောင်းခြင်း၊ ရောဂါဖြစ်ပွားမှုကာကွယ်နိုင်ခြင်းတို့ ဖြစ် "

သို့ဆိုလျှင် ကျန်းမာရေးပြဿနာဖြစ်စေနိုင်သော ဤလူနေမှုပုံစံနှစ်မျိုးကို ရှောင်ကြဉ်ကြရမည်ဖြစ်ပါသည်။

ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများမှာ ကလေး၊ လူငယ်များတွင် ကျန်းမာသော ကိုယ်အလေးချိန်ရှိခြင်း၊ ပညာရည်စွမ်းဆောင်မှုကောင်းခြင်း၊ မိမိကိုယ်မိမိတန်ဖိုးထားခြင်း (Self-esteem)၊ နှလုံးသွေးကြောရောဂါဖြစ်ပွားရန် အန္တရာယ်နည်းပါးခြင်း၊ အဝလွန်ရောဂါမဖြစ်ခြင်း၊ အရွယ်ရောက်ပြီး လူကြီးများတွင် ပုံမှန်ကိုယ်အလေးချိန်ထိန်းသိမ်းနိုင်ခြင်း၊ နေ့စဉ်ဆောင်ရွက်ဖွယ်များကို ကောင်းစွာလုပ်ဆောင်နိုင်ခြင်း၊ စိတ်ဖိစီးမှုကိုခံနိုင်ရည်ရှိခြင်း၊ စိတ်ကျရောဂါဖြစ်ပွားမှုလျော့နည်းခြင်း၊ မကူးစက်နိုင်သောရောဂါများဖြစ်နိုင်သည့် အန္တရာယ်လျော့နည်းခြင်း၊ သက်ကြီးရွယ်အိုများတွင် ဘဝနေထိုင်မှုအဆင့်အတန်း (Quality of Life) ကို ကောင်းမွန်စေပြီး အမှီအခိုကင်းစွာနေထိုင်နိုင်ခြင်း၊ ကိုယ်ခန္ဓာခုခံအားကောင်းခြင်း၊ အရိုးပွမှုလျော့နည်းခြင်း၊ စိတ်ပိုင်းဆိုင်ရာကျန်းမာခြင်း (Psychological Wellbeing)၊ ကိုယ်ခန္ဓာလှုပ်ရှားမှုနှင့် ဟန်ချက်ထိန်းသိမ်းနိုင်မှုကောင်းခြင်း၊ ရောဂါဖြစ်ပွားမှုကာကွယ်နိုင်ခြင်းတို့ ဖြစ်ပါသည်။

ခန္ဓာကိုယ်ဇီဝကမ္မစနစ်များအကျိုးရရှိသည်သာမက စိတ်ပိုင်းဆိုင်ရာကျန်းမာခြင်း၊ မှတ်ဉာဏ်လျော့နည်းလာခြင်းရောဂါ(Dementia)နှင့် စိတ်ဓာတ်ကျခြင်း (Depression) ဖြစ်ပွားမှုလျော့ကျစေသည့်အပြင် စိတ်ပူပန်မှု (Anxiety)နှင့် စိတ်ဖိစီးမှု (Stress) များလည်း လျော့နည်းစေနိုင်ပါသည်။

ကမ္ဘာ့ကိုယ်လက်လှုပ်ရှား ဆေးတစ်ပါး (Exercise is Medicine) အဖွဲ့အစည်း၏ သုတေသနပြုဖော်ပြချက်အရ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ခြင်းဖြင့် ရောဂါဖြစ်စေနိုင်သည့် အန္တရာယ်အတိုင်းအတာပမာဏအားဖြင့် နှလုံးသွေးကြောရောဂါများကို ၄၀ ရာခိုင်နှုန်း၊ လေဖြတ်ခြင်းကို ၂၇ ရာခိုင်နှုန်း၊ အူမကြီးကင်ဆာကို ၆၀ ရာခိုင်နှုန်း၊ ရင်သားကင်ဆာဖြစ်ခြင်းကို ၅၀ ရာခိုင်နှုန်း၊ တင်ပဆုံရိုးကျိုးခြင်းကို ၅၈ ရာခိုင်နှုန်းနှင့် အရွယ်မတိုင်မီသေဆုံးမှုကို ၄၀ ရာခိုင်နှုန်း လျော့ကျစေနိုင်သည့်အပြင် စိတ်ပိုင်းဆိုင်ရာမှတ်ဉာဏ်လျော့နည်းခြင်းရောဂါ (Deunertia) ၃၀ ရာခိုင်နှုန်း၊ စိတ်ကစဉ့်ကလျားရောဂါ ၄၀ ရာခိုင်နှုန်းနှင့် စိတ်ကျရောဂါ (Depression) ၃၀ ရာခိုင်နှုန်း လျော့ကျနိုင်ကြောင်း တင်ပြထားပါသည်။

ထို့အပြင် သုတေသနဖော်ထုတ်ချက်များအရ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ခြင်းသည် ရောဂါ ၂၆ မျိုး ကုသမှုတွင် အကျိုးရှိအသုံးပြုနိုင်ကြောင်း တင်ပြထားပါသည်။ ထိုရောဂါများမှာ (၁) စိတ်ရောဂါများ (စိတ်ကျခြင်း၊ စိတ်လှုပ်ရှားခြင်း၊ စိတ်ကစဉ့်ကလျားဖြစ်ခြင်း)၊ (၂) အာရုံကြောရောဂါများ (မှတ်ဉာဏ်လျော့နည်းခြင်း၊ ပါကင်စင်ရောဂါ (Parkinson's Disease)၊ (၃) ဇီဝဓာတုဖြစ်စဉ်ပြောင်းလဲခြင်းရောဂါများ (အဝလွန်ခြင်း၊ သွေးတွင်းအဆီများခြင်း၊ သွေးချိုဆီးချိုရောဂါ)၊ (၄) နှလုံးသွေးကြောရောဂါများ (သွေးတိုး၊ နှလုံးရောဂါ)၊ (၅) အဆုတ်နှင့်သက်ဆိုင်သောရောဂါများ (ပန်းနာရင်ကျပ်)၊ (၆) အရိုးအကြောအဆစ်ရောဂါများ (အရိုးပွ၊ သွေးလေးဖက်နာရောဂါ၊ ခါးနာရောဂါ၊ အဆစ်ရောင်ရောဂါ)နှင့် (၇) ကင်ဆာရောဂါများ (အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ စသည်) ဖြစ်ပါသည်။

ကိုယ်လက်လှုပ်ရှားမှု (Physical Activity) ဆိုသည်မှာ ကိုယ်ခန္ဓာကြွက်သားများမှ နားနေစဉ်အခြေအနေထက် စွမ်းအင်ပိုမိုသုံးစွဲ၍ ပြုလုပ်ရသော ကိုယ်ခန္ဓာလှုပ်ရှားမှုများကို ခေါ်ပါသည်။ ယင်းတို့မှာ နေ့စဉ်လုပ်နေကျ ထိုင်၊ ထ၊ လမ်းလျှောက်၊ ကိုယ်ခန္ဓာသန့်စင်၊ ရေချိုး စသည့်လှုပ်ရှားမှု (Daily Activity)၊ တစ်နေရာမှ တစ်နေရာသို့ သွားလာခြင်း (Transportation Activities)၊ အသက်မွေးဝမ်းကျောင်းအလိုက် လုပ်ကိုင်ရသောလှုပ်ရှားမှု (Occupational Activities)၊ အားလပ်/နားနေစဉ် ပြုလုပ်သော လှုပ်ရှားမှု (Leisure Time Activities) တို့ပါဝင်ပါသည်။

သီးသန့်အမည်ပေးထားသော ကိုယ်ခန္ဓာလှုပ်ရှားမှုနှစ်မျိုးရှိပါသည်။ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်း (Exercise) နှင့် အားကစားလေ့ကျင့်ပြုလုပ်ခြင်း (Sports)တို့ ဖြစ်ပါသည်။

အားကစားလှုပ်ရှားမှုဆိုသည်မှာ အားကစားအမျိုးအစားအလိုက် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်ရပြီး ယှဉ်ပြိုင်အနိုင်ရရှိရေး ဦးတည်ဆောင်ရွက်သော ကိုယ်လက်လှုပ်ရှားမှုဖြစ်ပါသည်။

ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းသည် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်စေရန် ရည်ရွယ်၍ ပြုလုပ်ရမည့် လှုပ်ရှားမှုအမျိုးအစား (Type)၊ ပြင်းထန်မှု (Intensity)၊ အချိန် (Time/Duration)၊ အကြိမ် (Frequency) တို့ကို စနစ်တကျ စီစဉ်ရေးဆွဲထားပြီး ယင်းအစီအစဉ်အတိုင်း စနစ်တကျ ပုံမှန်ရေရှည်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ကိုယ်လက်လှုပ်ရှားမှုချင်း တူသော်လည်း ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းအလိုက် လုပ်ကိုင်ရသော လှုပ်ရှားမှု (Occupational Activities) တို့သည် ကျန်းမာရေးအတွက် အကျိုးဖြစ်ထွန်းမှုတွင် ကွာခြားပါသည်။ ကိုယ်လက်လှုပ်ရှားမှုမှ ကျန်းမာရေးအတွက် အကျိုးရရှိမှုသည် ပြုလုပ်သော ကိုယ်လက်လှုပ်ရှားမှုအမျိုးအစား (Type)၊ ပြင်းထန်မှု (Intensity)၊ အချိန်နှင့် အကြိမ်တို့ပေါ် မူတည်ပါသည်။

ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းသည် ကျန်းမာကြံ့ခိုင်ရေးအတွက် ဦးတည်၍ ဖော်ပြပါအချက်များကို သုတေသနတွေ့ရှိချက်များအရ လိုအပ်သော ပြင်းထန်မှု၊ အချိန်၊ အကြိမ်တို့ဖြင့် စနစ်တကျစီမံထားပြီး ကိုယ်ခန္ဓာလှုပ်ရှားမှု အမျိုးအစားတွင်လည်း သက်သောင့်သက်သာ ထိန်းချုပ်ထားမှုမရှိ လှုပ်ရှားရသော အနေအထားဖြင့် ဆောင်ရွက်နိုင်ပါသည်။ စိတ်လက်ပေါ့ပါးစွာဖြင့် သင့်တင့်လျောက်ပတ်သော အဝတ်အစား၊ အသုံးအဆောင်များ အသုံးပြုပြီး ပတ်ဝန်းကျင်ကောင်းမွန်သောနေရာဒေသတွင် ဆောင်ရွက်နိုင်ပါသည်။

အသက်မွေးဝမ်းကျောင်းအလိုက် လုပ်ဆောင်ရသော ကိုယ်လက်လှုပ်ရှားမှု (Occupational Activities) မျိုးတွင် အသက်မွေးဝမ်းကျောင်း အမျိုးအစားအရ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ရသည်ဖြစ်ရာ ပြင်းထန်မှု၊ အချိန်၊ အကြိမ်တို့တွင် လုပ်ငန်းအလိုက် အမျိုးမျိုးကွဲပြားနေပြီး လုပ်ဆောင်ရာတွင် ထိန်းချုပ်လှုပ်ရှားရသော အနေအထားများဖြင့် ဆောင်ရွက်ရသည့်အပြင် သင့်လျော်သော အဝတ်အစား၊ အသုံးအဆောင်များ အသုံးပြုနိုင်မှုနည်းပြီး ပတ်ဝန်းကျင်အနေအထားမရွေးနိုင်ခြင်း၊ စိတ်ဖိစီးမှုများရှိတတ်ခြင်းတို့ရှိပါသည်။ သို့အတွက် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းက အကျိုးဖြစ်ထွန်းမှုပိုမိုရရှိနိုင်ခြင်းဖြစ်ပါသည်။

အားကစားပြုလုပ်ခြင်းတွင် အားကစားလှုပ်ရှားမှုသည် ယှဉ်ပြိုင်မှုပါဝင်တတ်ပြီး အနိုင်ရလိုမှုကို ဦးတည်လေ့ကျင့်ဆောင်ရွက်ရသဖြင့် မိမိစွမ်းအားရှိသလောက် ကိုယ်လက်လှုပ်ရှားမှုကို ပြင်းထန်စွာ ပြုလုပ်လေ့ကျင့်ရပြီး အားကစား အမျိုးအစားအလိုက် ကန့်သတ်ထားသော စည်းမျဉ်းစည်းကမ်းအတိုင်း လှုပ်ရှားရပါသည်။ ကျွမ်းကျင်မှုလည်း လိုအပ်ပါသည်။ ကိုယ်လက်လှုပ်ရှားအားကစားတွင် မူလကတည်းက ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်ထားသဖြင့် ပြင်းထန်မှုလျော့နည်းပြီး ကျွမ်းကျင်မှု၊ ယှဉ်ပြိုင်မှုတို့မလိုအပ်ဘဲ စည်းမျဉ်းစည်းကမ်း ကန့်သတ်မှုမရှိ

*စာမျက်နှာ ၇ သို့*

# အာဆီယံဒေသတွင်း မူဝါဒအညွှန်းကိန်းများအရ အကောင်အထည်ဖော်ခြင်းဖြင့် ပြည်တွင်း MSME ထုတ်ကုန်များ၏ ဖွံ့ဖြိုးမှုကို အားပေးမြှင့်တင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

အာဆီယံဒေသတွင်း မူဝါဒအညွှန်းကိန်းများအရ အကောင်အထည်ဖော်ခြင်းဖြင့် ပြည်တွင်း MSME ထုတ်ကုန်များ၏ ဖွံ့ဖြိုးမှုကို အားပေးမြှင့်တင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပလျက်ရှိသည့် ဥပ္ပါတသန္တိစေတီအနီးရှိ တပေါင်းကွင်း၊ ယာယီကွပ်ကဲရေးရုံး၌ ကျင်းပပြုလုပ်သည်။



ဆွေးနွေးပွဲသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် MSME Agency ဥက္ကဋ္ဌများ၊ ဆက်စပ်ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အာဆီယံဒေသတွင်း မူဝါဒအညွှန်းကိန်းသည် မိမိတို့နိုင်ငံ၏ MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများကို ပုံဖော်ရန်အတွက် အရေးကြီးသော မူဝါဒမူဘောင်ကိရိယာတစ်ခု (Tool) ဖြစ်ကြောင်း၊ မူဝါဒအကောင်အထည်ဖော် ဆောင်ရွက်သူများအနေဖြင့် MSME လုပ်ငန်းများအတွက် ချမှတ်ထားသည့် မူဝါဒများကို အကဲဖြတ်ခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းကို ပေးဆောင်နိုင်မည်ဖြစ်ကြောင်း။

မူဝါဒနယ်ပယ်တစ်ခုချင်းစီ၌ အကဲဖြတ်အဆင့်များသတ်မှတ်ထားသဖြင့် မိမိတို့ကျင့်သုံးနေသော မူဝါဒများသည် MSME တိုးတက်မှုအတွက် မည်မျှကောင်းမွန်သည်ကို အခြားအဖွဲ့ဝင်နိုင်ငံများနှင့် နှိုင်းယှဉ်၍ စွမ်းဆောင်ရည်ကို အကဲဖြတ်နိုင်ပြီး အကောင်းဆုံးအလေ့အကျင့်များ၊ တိုးတက်မှုနယ်ပယ်များနှင့် ကွာဟချက်များကို ဖော်ထုတ်ပေးနိုင်ကြောင်း၊ နိုင်ငံတော်အနေဖြင့် MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးပြုပံ့ပိုးပေးလျက်ရှိနေသည့်အပြင် မူဝါဒအညွှန်းကိန်းကိုလည်း စိတ်ဝင်တစား စောင့်ကြည့်လေ့လာနေသည့်အတွက် ရလဒ်ကောင်းများကို အာဆီယံနိုင်ငံများနှင့်အတူ အထောက်အထားခိုင်လုံမှန်ကန်စွာ မှတ်တမ်းတင်ခွင့်ရရှိနိုင်ရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက အာဆီယံဒေသတွင်း မူဝါဒအညွှန်းကိန်း၌ မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် အချက်အလက်များ တိုးတက်မှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များ၊ မူဝါဒအညွှန်းကိန်းပါ အကြံပြုချက်များကို လိုက်နာဆောင်ရွက်ရေး ကိစ္စရပ်များ၊ ကိန်းဂဏန်းအချက်အလက်များမှန်ကန်ရေး၊ အထူးစီးပွားရေးဇုန်များနှင့် ပြည်တွင်းစက်မှုဇုန်များ ချိတ်ဆက်ဆောင်ရွက်ရေး၊ လုပ်ငန်းနှင့်ပညာရပ်ချိတ်ဆက်ဆောင်ရွက်ရန်၊ GDP တိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်ဆောင်ရွက်ရေးတို့ကို လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်က ဘဏ္ဍာငွေရရှိရေးအတွက် စီမံဆောင်ရွက်နေမှု၊ MSME များအတွက် ချေးငွေထုတ်ချေးပေးနေမှု၊ ချေးငွေထုတ်ချေးပေးနိုင်ရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးနေမှုအခြေအနေတို့ကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ASEAN SME Policy Index (2024) အရ မြန်မာနိုင်ငံ၏ရလဒ်များနှင့် ASEAN SME Policy Index(2024)၏ အရေးပါမှုအခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်း တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ် MSME Agency ဥက္ကဋ္ဌများက ASEAN SME Policy Index (2024) အပေါ် ဒေသအလိုက် MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းသည်။

မွန်းလွဲပိုင်းတွင် ချေးငွေများထုတ်ချေးပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ခြင်းဆိုင်ရာနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ MSME လုပ်ငန်းရှင်များနှင့် ဆက်လက်ကျင်းပရာ ချေးငွေများအား လုပ်ငန်းရှင်များသို့ အမြန်ဆုံးထုတ်ချေးပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ချေးငွေရရှိရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ချေးငွေရရှိသူများ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းဆွေးနွေးခြင်း၊ လုပ်ငန်းရှင်များ သိရှိလိုသည်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများဆောင်ရွက်ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး (မြန်မာ့သနပ်ခါးနေ့) အထိမ်းအမှတ် လှုပ်ရှားမှုအစီအစဉ်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် စာရင်း (Representative List of the Intangible Cultural Heritage of Humanity) သို့ ၂၀၂၅ ခုနှစ် မတ်လမတိုင်မီ အမည်စာရင်း တင်သွင်းနိုင်ရေးအတွက် မြန်မာ့သနပ်ခါးယဉ်ကျေးမှု ဓလေ့များနှင့်ပတ်သက်၍ ပညာပေး အစီအစဉ်များကို ဖေဖော်ဝါရီ ၇ ရက်မှစ၍ ဖေဖော်ဝါရီလတစ်လလုံး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လက်အောက်ရှိ ပြတိုက်များနှင့် စာကြည့်တိုက်များတွင် ဆောင်ရွက်လျက်ရှိသည်။



ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိကျောင်းများမှ ကျောင်းသား ကျောင်းသူများကို အမျိုးသားပြတိုက် (နေပြည်တော်) သို့ ဖိတ်ခေါ်၍ မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ဆိုင်ရာများကို ပညာပေး ဆောင်ရွက်ခဲ့ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံက ကျောင်းသားကျောင်းသူများကို မြန်မာ့သနပ်ခါးဓလေ့၏ သမိုင်းကြောင်း၊ သနပ်ခါး၏ အသုံးဝင်ပုံနှင့် အသုံးပြုပုံအကြောင်း၊ သနပ်ခါးသည် မြန်မာတို့၏ နေ့စဉ်ဘဝအတွက် အရေးပါကြောင်းနှင့် မြန်မာ့သနပ်ခါးသည် ကမ္ဘာတွင် ထူးခြားသည့် ဓလေ့တစ်ခု ဖြစ်ကြောင်းတို့ကို ပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများက ကိုယ်တိုင် သနပ်ခါးသွေး၍ တစ်ဦးနှင့်တစ်ဦး ပျော်ရွှင်စွာ လိမ်းခြယ်ခဲ့ကြသည်။

အမျိုးသားပြတိုက် (နေပြည်တော်) တွင် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့များနှင့် ပတ်သက်သည့် ပညာပေးအစီအစဉ်အဖြစ် မြန်မာ့သနပ်ခါးဆိုင်ရာ ရှင်းလင်းချက် စာသားများ၊ ဗီဒီယိုမှတ်တမ်းများ ပြသခြင်း၊ သနပ်ခါးဆိုင်ရာ ကဗျာများကို ကျောင်းသား ကျောင်းသူများက ရွတ်ဆိုသရုပ်ပြခြင်း၊ သနပ်ခါးကို လက်တွေ့သွေး၍ ကိုယ်တိုင်လိမ်းခြယ်စေခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ပျော်ရွှင်စွာ ဆောင်ရွက်နိုင်ပါသည်။

သို့အတွက် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းသည် ရောဂါကာကွယ်ခြင်း၊ ကုသခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ခြင်းလုပ်ငန်းများတွင် ဆေးဝါးမလို အကုန်အကျသက်သာပြီး မိမိကိုယ်တိုင်ဆောင်ရွက်နိုင်သောကြောင့် **"ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး"** (Exercise is Medicine) ဟု အမည်တွင်လာပါသည်။ ဆေးဝါး(Medicine) ကို ရောဂါကုသရာတွင် အသုံးပြုပါက ရောဂါတစ်ခုအတွက် သင့်လျော်သော အမျိုးအစား (Type)၊ ပေးရမည့်ဆေးပမာဏ (dose)၊ အချိန် (Duration)၊ အကြိမ် (Frequency) မှန်ကန်ရန်နှင့် ဘေးထွက်ဆိုးကျိုးတို့ ထည့်သွင်းစဉ်းစားရသကဲ့သို့ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း၏ အကျိုးကျေးဇူး အပြည့်အဝရရှိပြီး ဆေးဝါးကဲ့သို့ အသုံးဝင်ရန် ကိုယ်လက်လှုပ်ရှားမှု အမျိုးအစား (Type)၊ ပြင်းထန်မှု (Intensity)၊ အချိန် (Duration)၊ အကြိမ် (Frequency)တို့ကို စနစ်တကျ စီမံထားရမည့်အပြင် ဆိုးကျိုးမဖြစ်ရန်လည်း ကြိုတင်စီစဉ်ရပါသည်။

**ကျန်းမာရေးအတွက် အကျိုးရှိစေမည့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း လေးမျိုးရှိပါသည်။ (၁) သက်လုံကောင်းမှုနှင့်သက်ဆိုင်သော လေ့ကျင့်ခန်း၊ (၂) ကြွက်သားအင်အားသန်မာမှုနှင့် သက်ဆိုင်သောလေ့ကျင့်ခန်း၊ (၃) ခန္ဓာကိုယ်ဟန်ချက်ထိန်းသိမ်းမှုနှင့် သက်ဆိုင်သောလေ့ကျင့်ခန်း၊ (၄) ခန္ဓာကိုယ်ပျော့ပျောင်းမှုနှင့် သက်ဆိုင်သော လေ့ကျင့်ခန်းတို့ဖြစ်ပါသည်။**

သက်လုံကောင်းမှုနှင့် သက်ဆိုင်သော လေ့ကျင့်ခန်းသည် ကိုယ်ခန္ဓာရှိ ကြွက်သားအများစု ပါဝင်ပြီး အချိန်ကြာကြာဆောင်ရွက်ရသော လေ့ကျင့်ခန်းဖြစ်ပါသည်။ နှလုံးသွေးကြောအဖွဲ့နှင့် အသက်ရှူလုပ်ငန်းအဖွဲ့၏ ကျန်းမာရေးကို အဓိက အထောက်အကူပြုပါသည်။ သက်လုံကောင်းလာခြင်းဖြင့် မိမိလုပ်လိုသော အလုပ်များကို ပိုမိုလုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် နာတာရှည်ရောဂါများကိုလည်းမဖြစ်ပွားအောင် ကာကွယ်နိုင်ပါသည်။

**သက်လုံကောင်းမှုနှင့်သက်ဆိုင်သော လေ့ကျင့်ခန်းများမှာ ပြင်ပထွက်၍ လမ်းလျှောက်ခြင်း၊ လမ်းလျှောက်စက်နှင့် လမ်းလျှောက်ခြင်း၊ ရွရွပြေးခြင်း၊ တာဝေးပြေးခြင်း၊ စက်ဘီးစီးခြင်း၊ အာကိုမီတာစက်ဘီးနင်းခြင်း၊ ရေကူးခြင်း၊ လှေလှော်ခြင်း၊ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘောကစားခြင်း၊ ကြက်တောင်ရိုက်ခြင်း၊ တင်းနစ်ရိုက်ခြင်း၊ ခြင်းလုံးခတ်ကစားခြင်း၊ အေရိုးဗစ်ကစားခြင်း၊ ခြေလျင်တောင်တက်ပြုလုပ်ခြင်းတို့ ဖြစ်ပါသည်။ ဖော်ပြပါ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ အနက်မှ မိမိနှစ်သက်ရာ၊ ဝါသနာပါရာ အမျိုးအစားတစ်မျိုးမျိုးကို ရွေးချယ်ဆောင်ရွက်နိုင်ပါသည်။**

ကြွက်သားအင်အားသန်မာမှုနှင့် သက်ဆိုင်သော လေ့ကျင့်ခန်းမှာ အလေးတုံး၊ အလေးမစက်များ အသုံးပြု၍ အလေးမခြင်း၊ စပရိန်များ၊ မျှော့ကြိုးများ အသုံးပြုသော လေ့ကျင့်ခြင်းများ၊ မိမိကိုယ်ခန္ဓာအလေးချိန်ကို အသုံးပြုသော လေ့ကျင့်ခန်းများမှာ ဒိုက်ထိုးခြင်း၊ ဘားတန်းခိုခြင်း၊ ထိုင်ထပြုလုပ်ခြင်းတို့ပါဝင်ပါသည်။ *(ဆက်လက်ဖော်ပြပါမည်)*

# (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲရဲ့ ဆုချီးမြှင့်ခြင်းအခမ်းအနားမှာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုကို လက်တွေ့ကျကျဆောင်ရွက်တဲ့အနေနဲ့ ဒစ်ဂျစ်တယ် နည်းပညာနဲ့ ချီးမြှင့်ပေးအပ်သွားဖို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် MSME လုပ်ငန်းများကို အထောက်အကူပြုနိုင်စေရန်ရည်ရွယ်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ပြခန်းပြသ၍ နည်းပညာ၊ အသိပညာများ ဆွေးနွေးဖြန့်ဝေပေးလျက်ရှိသည့်အပြင် ထုတ်ကုန်ပြိုင်ပွဲဆုရရှိသူများကို ဒစ်ဂျစ်တယ်စနစ်အသုံးပြု၍ ဆုများပေးအပ်သွားနိုင်ရေးစီစဉ်လျက်ရှိသည်။

ထိုသို့ ပေးအပ်နိုင်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသိရှိနိုင်ရန် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် တွေ့ဆုံမေးမြန်းရေးသားတင်ပြလိုက်ရပါသည်-

**မေး။** ။ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲရဲ့ ဆုချီးမြှင့်ခြင်းအခမ်းအနားမှာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက နည်းပညာပိုင်းမှာ ဘယ်လိုတာဝန်တွေယူပြီး ကူညီဆောင်ရွက်နေတယ်ဆိုတာ သိရှိလိုပါတယ်။

ဖြေ။ ။ နိုင်ငံတော်အကြီးအကဲက ဒီနေ့ခေတ် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးမှုအရွေ့တွေနဲ့အမီ လိုက်ပါဆောင်ရွက်ဖို့ လမ်းညွှန်ထားတာရှိပါတယ်။ အခု (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲရဲ့ ဆုချီးမြှင့်ခြင်းအခမ်းအနားမှာပါ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု (Digital Transformation) ကို လက်တွေ့ကျကျဆောင်ရွက်တဲ့အနေနဲ့ ဒစ်ဂျစ်တယ်နည်းပညာနဲ့ ချီးမြှင့်ပေးအပ်သွားဖို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဆောင်ရွက်ပေးမှာတွေကတော့ LED Board မှာပေါ်လာမယ့် နောက်ခံပြသမှု၊ ဒစ်ဂျစ်တယ်ဆုတံဆိပ်နဲ့ ဒစ်ဂျစ်တယ်ငွေလွှဲပို့လက်ခံမှုဆိုတဲ့ လုပ်ငန်းအပိုင်းသုံးခုမှာ နည်းပညာပံ့ပိုးဆောင်ရွက်မှာဖြစ်ပါတယ်။

**မေး။** ။ နည်းပညာပံ့ပိုးမှုကို ဘယ်လိုဖန်တီးဆောင်ရွက်ထားတယ်ဆိုတာ ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ ။ ဆုချီးမြှင့်ခြင်းအခမ်းအနားမှာ စင်ပေါ်က (အလျားပေ ၄၀ ၊ အနံ ပေ ၂၀ ရှိတဲ့) LED Board မှာပေါ်လာမယ့် နောက်ခံပြသမှုကို ပိုင်သွန် (Python) ပရိုဂရမ်ဘာသာစကားနဲ့ ရေးသားထားပါတယ်။ အချက်အလက်တွေသိမ်းဆည်းပြီး စီမံခန့်ခွဲမှုစနစ်အနေနဲ့ ယုံကြည်စိတ်ချရပြီး စွမ်းဆောင်ရည်ကောင်းတဲ့အတွက် လက်ရှိမှာ ရေပန်းစားနေတဲ့ MySQL (open-source relational database management system) ကို အသုံးပြုထားပြီးတော့ အက်ပလီကေးရှင်းကို ငွေပေးချေမှုလုပ်ငန်းစဉ် (Payment Flow) နဲ့ ဆုချီးမြှင့်မှုလုပ်ငန်းစဉ် (Award Distribution Flow) တွေအတွက်ပါ ဒီဇိုင်းရေးဆွဲဖန်တီး တည်ဆောက်ထားတာဖြစ်ပါတယ်။



ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ

ဒီအက်ပလီကေးရှင်းကို ဆုချီးမြှင့်ချိန်မှာ ပြသသွားမှာဖြစ်ပြီး Payment Gateway Integration အနေနဲ့ သတ်မှတ်အေပီအိုင် (API-Application Programming Interface)ကို အသုံးပြုသွားမှာဖြစ်ပါတယ်။ ငွေလွှဲပို့လက်ခံမှုအပိုင်းမှာ သတင်းအချက်အလက်လုံခြုံရေးအတွက် Cyber Security ကိုပါ ထည့်သွင်းဆောင်ရွက်ထားပါတယ်။

**မေး။** ။ MSME လုပ်ငန်းရှင်တွေအတွက် ဒစ်ဂျစ်တယ်ငွေလွှဲပို့စနစ်နဲ့ ချီးမြှင့်ပေးအပ်သွားမယ့်အစီအစဉ်ကိုလည်း သိပါရစေ။

ဖြေ။ ။ ဆုတွေအနေနဲ့ ခုနစ်မျိုး၊ ဆုပေါင်း ၆၃ ဆုကို ချီးမြှင့်သွားမှာဖြစ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုတွေအပါအဝင် အထူးဆုတွေပါ ပါဝင်ပါတယ်။ အသေးစား၊ အလတ်စားနဲ့ အငယ်စားစီးပွားရေးလုပ်ငန်း တစ်မျိုးစီအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုတွေ ချီးမြှင့်မှာဖြစ်လို့ ပေါင်းကိုးဆု၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၅ ခုအတွက် ဒေသတစ်ခု ထုတ်ကုန်တစ်ခု အကောင်းဆုံးဆု One Region One Product (OROP) ၁၅ ဆု၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ထုတ်ကုန်ဆုတွေအနေနဲ့ စားသောက်ကုန်စံပြထုတ်ကုန်ဆု၊ လူသုံးကုန်စံပြထုတ်ကုန်ဆု၊ ရက်ကန်းထည်စံပြထုတ်ကုန်ဆုနဲ့ လက်မှုထည်စံပြထုတ်ကုန်ဆုဆိုပြီး ချီးမြှင့်မယ့် လေးဆု၊ ကုန်ထုတ်သမဝါယမအသင်းစွမ်းဆောင်ရည်ဆု ပထမဆု၊ ဒုတိယဆု၊ တတိယဆုတွေ ချီးမြှင့်မှာဖြစ်လို့ ဆုခြောက်မျိုး၊ ဆုပေါင်း ၃၁ ဆုအတွက် ဂုဏ်ပြုချီးမြှင့်ငွေတွေကို ဒစ်ဂျစ်တယ် ငွေလွှဲပို့လက်ခံတဲ့စနစ်နဲ့ ချီးမြှင့်ပေးအပ်မှာ ဖြစ်ပါတယ်။

ပထမဆုအတွက် ငွေကျပ်သိန်း ၃၀၊ ဒုတိယဆုအတွက် ငွေကျပ်သိန်း ၂၀ ၊ တတိယဆုအတွက် ငွေကျပ် ၁၀ သိန်း အသီးသီး ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။ အသေးစားစက်မှုလက်မှုလုပ်ငန်းတွေအတွက် စားသောက်ကုန်စံပြထုတ်ကုန်ဆု၊ လူသုံးကုန်စံပြထုတ်ကုန်ဆု၊ ရက်ကန်းစံပြထုတ်ကုန်ဆု၊ လက်မှုထည်စံပြထုတ်ကုန်ဆုတွေအတွက် တစ်မျိုးကို ငွေကျပ် ၁၅ သိန်းစီ ချီးမြှင့်သွားမှာဖြစ်ပါတယ်။ ဒေသတစ်ခုထုတ်ကုန်တစ်ခု (OROP) အကောင်းဆုံး ၁၅ ဆုအတွက် တစ်ဆုကို ငွေကျပ်သိန်း ၃၀ စီ ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။ ဆုပေါင်း ၃၁ ဆုအတွက် ဂုဏ်ပြုချီးမြှင့်ငွေပေါင်း ငွေကျပ်သိန်း ၇၅၀ ချီးမြှင့်ပေးအပ်မှာ ဖြစ်ပါတယ်။

အထူးဆုတွေအနေနဲ့ အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းတွေအတွက် အထူးဆု ငါးခုစီဖြစ်လို့ ပေါင်း ၁၅ ဆု၊ ကုန်ထုတ်သမဝါယမအသင်းစွမ်းဆောင်ရည်ဆုအတွက် ငါးဆု၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ထုတ်ကုန်ဆုတစ်မျိုးစီအတွက် သုံးဆုစီဖြစ်လို့ ပေါင်း ၁၂ ဆုဖြစ်ပါတယ်။ အဆိုပါ အထူးဆုပေါင်း ၃၂ ခုအတွက် ဂုဏ်ပြုကတ်ပြားကိုသာ ချီးမြှင့်မှာဖြစ်ပါတယ်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ပေးအပ်မယ့် ဂုဏ်ပြုဆုတံဆိပ်ခြောက်မျိုးအနက် အသေးစား၊ အငယ်စား၊ အလတ်စားနဲ့ OROP ဆုလေးမျိုးကို ဒစ်ဂျစ်တယ်ဆုတံဆိပ် (Digital LED Acrylic Trophy) နဲ့ ချီးမြှင့်ပေးအပ်နိုင်ဖို့ကိုလည်း ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဆုရရှိသူအနေနဲ့ ချီးမြှင့်မှု သုံးခုကို လက်ခံရရှိမှာဖြစ်ပါတယ်။

**မေး။** ။ ချီးမြှင့်သွားမယ့် ပုံစံကိုလည်း ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ LED Board မှာ ဆုရရှိသူကို ကြေညာချိန်မှာ ဒစ်ဂျစ်တယ်ဆုတံဆိပ်ကို ပေးအပ်ချီးမြှင့်မှာဖြစ်ပါတယ်။ ပြီးတော့ ဂုဏ်ပြုကတ်ပြားကို ပေးအပ်ချီးမြှင့်မှာဖြစ်ပါတယ်။ အဲဒီနောက် ငွေသားဆုဘန်နာကို ပေးအပ်ချိန်မှာ ဆုရရှိသူရဲ့ iBanking Account ထဲကို ငွေလွှဲပို့ပြီးတော့ ချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်။ အဲဒီလို Digital Payment ဆောင်ရွက်ချိန်မှာ နောက်ဘက်က LED Board မှာ ငွေလွှဲမှုနဲ့ ငွေလက်ခံရရှိမှုတို့ကို အချိန်နှင့်တစ်ပြေးညီ ကြေညာဖော်ပြပေးသွားမှာဖြစ်ပါတယ်။

**မေး။** ။ MSME လုပ်ငန်းတွေ အထောက်အကူပြုစေဖို့ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုတာက ဘယ်လိုအကျိုးကျေးဇူးတွေရရှိဖို့ မျှော်မှန်းဆောင်ရွက်တယ်ဆိုတာ သိပါရစေ။

ဖြေ။ ။ ဒီလိုဆောင်ရွက်တဲ့အတွက် အဓိက ကတော့ Paperless စနစ်နဲ့ ဒစ်ဂျစ်တယ်စီးပွားရေးကို ပိုမိုဖော်ဆောင်ရာရောက်ပါတယ်။ ဆုချီးမြှင့်ခြင်းအခမ်းအနားမှာ ဆုရရှိတဲ့ MSME လုပ်ငန်းရှင်တွေအနေနဲ့ ဝမ်းသာဂုဏ်ယူကြပြီး ပိုပြီးအမှတ်တရဖြစ်စေမှာသေချာပါတယ်။ ဆုချီးမြှင့်လို့ရရှိတဲ့ ချီးမြှင့်ငွေဟာ ဘဏ်စာရင်းထဲ ရောက်ရှိသိမ်းဆည်းပြီး ဖြစ်စေမှာပါ။

ပြီးတော့ MSME လုပ်ငန်းရှင်တွေအနေနဲ့ ကိုယ့်လုပ်ငန်းမှာ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနဲ့အတူ ထွန်းသစ်စနည်းပညာတွေကို အသုံးပြုဖို့ ပိုပြီးအမြင်ကျယ်လာမှာဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်နည်းလမ်းနဲ့ ငွေကြေးသုံးစွဲတဲ့ စနစ်ကိုလည်းပိုမိုတွန်းအားပေးရာရောက်ပါတယ်။

**တွေ့ဆုံမေးမြန်း - ဝင်းဝင်းမင်း၊ ဓာတ်ပုံ - ကိုကြီးထိန်**

## သမဝါယမဦးစီးဌာနကြီးကြပ်မှုဖြင့် TBL ကုမ္ပဏီလီမိတက်နှင့်ပူးပေါင်း၍ ဝါမျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃** ဖြင့် TBL ကုမ္ပဏီလီမိတက် သမဝါယမဦးစီးဌာန၏ကြီးကြပ်မှု နှင့် ပူးပေါင်း၍ နေပြည်တော်



ဇေယျာသီရိမြို့နယ် စက်စက်ယိုကျေးရွာ၊ အေလာမြို့နှင့် ဂုံမင်းကွင်းကျေးရွာတို့တွင် ဝါမျိုးစေ့ထုတ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် ဝါ F1 မျိုးစေ့ ထုတ်လုပ်ရန် စိုက်ပျိုးထားရှိသော ဝါ ၃ ဒသမ ၅ ဧကမှာ ဝတ်မှုန်များကူးလျက်ရှိပြီး ဝါတစ်ဧကတွင် ဝါပေါက်များ စတင်ပေါက်လျက်ရှိသည်။ ပုဗ္ဗသီရိမြို့နယ် စက်စက်ယိုကျေးရွာတွင်လည်း အမလိုင်း (GMS) ဝါမိဘလိုင်း မျိုးပွားနေသည့် စိုက်ခင်းများမှ ပိဿာချိန် ၆၀၀ ခန့်၊ ဂုံမင်းကွင်းကျေးရွာတွင်လည်း Contract စနစ်ဖြင့် ဝါ F1 မျိုးစေ့ထုတ်လုပ်ရန် ၁ ဒသမ ၄ ဧက စိုက်ပျိုးထားသော ဝါပင်များမှ ပိဿာချိန် ၂၅၀ ဝန်းကျင်ခန့် ရရှိနေပြီဖြစ်ပြီး ဝတ်မှုန်ကူးခြင်းလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် လယ်ဝေးမြို့နယ် အေလာမြို့တွင် ဝါအဖိုလိုင်း မျိုးပွားရန် စိုက်ပျိုးထားသည့် ဝါပင်များမှ ဝါပေါက်များကို ရိတ်သိမ်းလျက်ရှိရာ ပိဿာချိန် ၂၅၀ ဝန်းကျင်ခန့် ရရှိနေဖြစ်ကြောင်းနှင့် ဝါမျိုးစေ့များကို ဝါစိုက်တောင်သူများသို့ အချိန်မီဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကော့သောင်း၌ မီးဘေးလုံခြုံရေး အသိပညာပေးဆောင်ရွက်

**ကော့သောင်း ဖေဖော်ဝါရီ ၁၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့စီမံမှုဖြင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးမျိုးသူရဝင်းဦးဆောင်၍ ဝန်ထမ်းများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများ ပူးပေါင်းကာ ယနေ့နံနက်ပိုင်းက မြို့မဈေး၊ ဘုရင့်နောင်ဈေး၊ လဟာပြင်ဈေးပတ်လည်ရှိရေငုတ်များ ရေရရှိရေးအတွက် Good Water ရေပေးဝေရေးကုမ္ပဏီနှင့် ချိတ်ဆက်ပြီး မြို့နယ်အတွင်းရှိ ဈေးများ မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ စတုတ္ထနေ့သို့ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ MSME လုပ်ငန်းရှင်များနှင့် ပြည်သူများ တစ်ခဲနက်လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဆက်လက်ကျင်းပရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက်လာရောက်လေ့လာကြည့်ရှုကြသဖြင့် အထူးစည်ကားများပြားခဲ့သည်။



(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲစတုတ္ထနေ့တွင် ခင်းကျင်းပြသထားသည့် ပြခန်းများ၌ လာရောက်လေ့လာကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ယနေ့သည် ပွဲတော်၏ စတုတ္ထနေ့သို့ ရောက်ရှိလာခဲ့သည့်အတွက် ပြခန်းအလိုက် ပြသထားသည့် ပြခန်းပြကွက်များအား လာရောက်လေ့လာကြသည့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများဖြင့် အထူး စည်ကားလျက်ရှိသည့်အပြင် MSME လုပ်ငန်းရှင်များ၊ နောက်ဆုံးပေါ်တီထွင်ဆန်းသစ်မှု နည်းပညာများနှင့် စက်မှု၊ လက်မှုကဏ္ဍကို စိတ်ဝင်စားကြသည့် လုပ်ငန်းရှင်များလည်း လာရောက်လေ့လာကြသည်။

အဆိုပါလုပ်ငန်းရှင်များအား ပြခန်းတာဝန်ရှိသူများက အရည်အသွေးမြင့် စက်ယန္တရားများ၏ ထူးခြားသာလွန်သော စွမ်းဆောင်ရည်များအကြောင်း၊ နိုင်ငံတကာအဆင့်မီ စက်ယန္တရားများ၊ ဝယ်ယူမှု၊ တပ်ဆင်မှုအကြောင်းအရာများနှင့် ဈေးကွက်စီးပွားရေး လိုအပ်ချက်များကို အနာဂတ်နည်းပညာများအသုံးပြု၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ဗဟုသုတ အကြောင်းအရာများကို အသေးစိတ် ရှင်းလင်းပြသကြသည့်အပြင် ကျွမ်းကျင်ဝန်ထမ်းများကလည်း ခင်းကျင်းပြသထားသည့် စက်ယန္တရားများဖြင့် လက်တွေ့သရုပ်ပြဆွေးနွေးပေးခဲ့ရာ မြန်မာနိုင်ငံအနာဂတ် စက်မှုနည်းပညာကဏ္ဍကို တစ်ခေတ်ဆန်းသစ်တော့မည့် မြင်ကွင်းတစ်ခုလည်း ဖြစ်သည်။

ထို့ပြင် ပွဲတော်သို့လာရောက်လေ့လာကြသည့် MSME လုပ်ငန်းရှင်များကိုလည်း ပြခန်းတာဝန်ရှိသူများက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် နည်းပညာများ မျှဝေပေးခြင်း၊ ပြည်တွင်း/ပြည်ပဈေးကွက်များသို့ မိမိတို့လုပ်ကိုင်နေသည့်လုပ်ငန်းများအလိုက် လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်၊ လုပ်ငန်းများအလိုက် ကြုံတွေ့ရမည့်အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်နည်းများကို အသိပညာပေး ဆွေးနွေးမျှဝေပေးကြရာ MSME လုပ်ငန်းရှင်များအတွက် ဆန်းသစ်သော ပြည်တွင်း၊ ပြည်ပပို့ ထုတ်ကုန်များ ထုတ်လုပ်လာနိုင်မည့်အပြင် ပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာနိုင်တော့မည်လည်း ဖြစ်သည်။




အလားတူ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် ထွက်ရှိသည့် MSME ထုတ်ကုန်များနှင့် တိုင်းရင်းသားရိုးရာအမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံများကို ပြည်သူများစိတ်ကြိုက်ဝယ်ယူနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ချစ်ခင်နှစ်သက်မြတ်နိုးစွာဖြင့် ဝယ်ယူကြသည့်အပြင် သန့်ရှင်းလတ်ဆတ်စွာဖြင့် ရောင်းချပေးလျက်ရှိသည့် တိုင်းရင်းသားရိုးရာ အစားအသောက်များကိုလည်း နှစ်ခြိုက်စွာ ဝယ်ယူစားသုံးကြသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါပြခန်းများ၌လည်း အထူး ပျော်ရွှင်စရာအစီအစဉ်အနေဖြင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက သက်ဆိုင်ရာရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပေါ်လွင်စေသည့်သီချင်းများနှင့် မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့်သီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြရာ ပွဲတော်လာပြည်သူများကလည်း တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ပျော်ရွှင်စွာ သီဆိုကခုန်ပါဝင်ဆင်နွှဲကြသည့် မြင်ကွင်းသည်လည်း တောင်ပေါ်မြေပြန့်မခွဲခြားဘဲ စည်းလုံးသည့် သွေးချင်းညီအစ်ကိုစိတ်ထားကို အထူးပေါ်လွင်စေခဲ့သည်။

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်တက်ကြွစေမည့်တေးသီချင်းများဖြင့် လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းရင်းသားရိုးရာ ယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများ ပေါင်းစပ်၍လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများပျော်ရွှင်စွာဖြင့် တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

အဆိုပါပြပွဲနှင့် ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ ဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချသည့်ဆိုင်ခန်းများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ် ပြသရောင်းချပေးလျက်ရှိပြီး ပြိုင်ပွဲများအလိုက် ဆုအမျိုးအစားပေါင်း ၃၁ မျိုးကိုလည်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- ဂျိုင်းလော၊ ဓာတ်ပုံ - ကိုထိန်**





# နိုင်ငံတော်အခွန်ဘဏ္ဍာ နစ်နာဆုံးရှုံးမှု မရှိစေရေး တရားမဝင်ကုန်သွယ်မှုများအား ရှောင်ကြဉ်ပေး

အလင်းရောင်(အောင်)

**“ အခွန်ဘဏ္ဍာရရှိမှသာ ပြည်တွင်းလုပ်ငန်းများကို နိုင်ငံရပ်ခြားလုပ်ငန်းများ၏ ပြိုင်ဆိုင်မှုမှ အကာအကွယ်ပေးရန်နှင့် နိုင်ငံနယ်နိမိတ်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများအားလုံး၏ အကျိုးစီးပွားမှန်သမျှ အတွက် အသုံးပြုနေသည်ကို သိရှိနားလည်ရပေမည်။ ကမ္ဘာပေါ်တွင် အခွန်နှင့်သေခြင်းတရားကို မည်သူမျှရှောင်လွှဲနိုင်စွမ်းမရှိ ဟူသောစကားကို နိုင်ငံသားများက နားလည်သဘောပေါက်ကြရန် လိုအပ် ”**

နိုင်ငံတစ်နိုင်ငံတွင် အခွန်ဘဏ္ဍာသည် အလွန်ပင် အရေးကြီးသော ပြည်သူ့ဘဏ္ဍာရေး၏ အစိတ်အပိုင်းကြီးတစ်ရပ်ဖြစ်သည်ကို နိုင်ငံသူ နိုင်ငံသားများနှင့် အစိုးရတို့ကိုယ်တိုင် ကောင်းစွာ နားလည်သဘောပေါက်၍ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ရန် အရေးကြီးလှပါသည်။

အခွန်ကောက်ခံမှုအား ထိခိုက်စေသည့်အပိုင်းတွင် တရားမဝင်ကုန်သွယ်မှုသည် အဓိကအကြောင်းရင်းတစ်ရပ် ဖြစ်နေပါသည်။ တရားမဝင်ကုန်သွယ်မှုများအနေဖြင့် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်း၊ ရေလမ်းကြောင်း၊ လေကြောင်းမှတစ်ဆင့် စာရွက်စာတမ်းအတု၊ ကုန်ပစ္စည်းအပိုတင်ဆောင်မှုများ၊ တရားမဝင် ကုန်ပစ္စည်းတင်ဆောင်မှုများ အစရှိသည်ဖြင့် အခွန်တိမ်းရှောင်လိုသောကြောင့် မသမာသော စီးပွားရေးသမားများက သယ်ဆောင်ရောင်းဝယ်လျက်ရှိနေပါသည်။

ထိုသို့သယ်ဆောင်မှုများကြောင့် နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ ထိခိုက်နစ်နာဆုံးရှုံးနေသည့်အတွက် နိုင်ငံအတွင်းရှိ ပြည်သူများအတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးများအပေါ် များစွာ ဆိုးကျိုးသက်ရောက်စေလျက်ရှိသည်ကို တွေ့မြင်နေရပေသည်။ နိုင်ငံတစ်နိုင်ငံတွင် တရားမဝင် ကုန်ပစ္စည်းများအား နည်းလမ်းပေါင်းစုံမှ ဝင်ရောက်နေမည်ဆိုလျှင် ၎င်းနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးကြန့်ကြာနေမည်ဖြစ်ပေသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားရေးကို ဦးတည်ချက်များချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တရားမဝင်ကုန်သွယ်မှုများ ဆောင်ရွက်နေသူများအား အဘက်ဘက်မှ ပူးပေါင်း၍ ဝိုင်းဝန်းပိတ်ဆို့တားဆီး ဖမ်းဆီးအရေးယူ ဆောင်ရွက်ခြင်းများကို စဉ်ဆက်မပြတ် တွေ့ရှိနေရပေသည်။ မူဝါဒ၊ အမိန့်ညွှန်ကြားချက်များ ချမှတ်ကာ ပြင်းပြင်းထန်ထန် တားဆီးဆောင်ရွက်လျက်ရှိသော်လည်း တရားမဝင် ကုန်သွယ်မှုများမှာ ဆက်လက်တည်ရှိနေသည်ကို တွေ့ရှိရပါသည်။

**“ နိုင်ငံတစ်နိုင်ငံတွင် တရားမဝင်ကုန်ပစ္စည်းများအား နည်းလမ်းပေါင်းစုံမှ ဝင်ရောက်နေမည်ဆိုလျှင် ၎င်းနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးကြန့်ကြာနေမည်ဖြစ်ပေသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားရေးကို ဦးတည်ချက်များ ချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး တရားမဝင်ကုန်သွယ်မှုများ ဆောင်ရွက်နေသူများအား အဘက်ဘက်မှ ပူးပေါင်း၍ ဝိုင်းဝန်းပိတ်ဆို့တားဆီး ဖမ်းဆီးအရေးယူဆောင်ရွက်”**

တရားမဝင်ကုန်သွယ်မှုကြောင့် နိုင်ငံအတွက် ဆုံးရှုံးနစ်နာမှုများ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့အတွက် ဆိုးကျိုးများစွာ ဖြစ်ပေါ်စေနိုင်သည့် အကြောင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရေး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရေဒီယို၊ မြန်မာ့အလင်း၊ ကြေးမုံ သတင်းစာများတွင် နေ့စဉ်ဖမ်းဆီးရမိမှု၊ တရားမဝင် ကုန်သွယ်မှု သတင်းဆောင်းပါးများကို ထည့်သွင်းကြေညာပေးလျက်ရှိပါသည်။ နိုင်ငံ၏လိုအပ်သော အသုံးစရိတ်အားလုံးသည် နိုင်ငံအတွင်း အခွန်ရရှိမှု အပေါ်တွင် အဓိက မှီခိုနေရသောကြောင့် အခွန်ကဏ္ဍ အားနည်းခဲ့လျှင် နိုင်ငံ့လူ့အဖွဲ့အစည်းတွင် အခက်အခဲများစွာ ရင်ဆိုင်ရမည်မှာ သေချာနေပေသည်။

နိုင်ငံတစ်နိုင်ငံကို တာဝန်ယူအုပ်ချုပ်ရသည့် အစိုးရတစ်ရပ်အနေဖြင့် လုပ်ဆောင်ရမည့် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်မှုများအတွက် အခွန်ဘဏ္ဍာငွေ လိုအပ်သောကြောင့် တရားမဝင်ကုန်သွယ်မှုများ များပြားနေလျှင် နိုင်ငံအတွက် အခက်အခဲဖြစ်ပေါ်စေနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် အခွန်ကောက်ခံခြင်းသည် ပြည်သူ့အသုံးစရိတ်အတွက် လိုအပ်သည့် ငွေကြေးရရှိရန် အားထုတ်ဆောင်ရွက်ကြရခြင်း ဖြစ်ပါသည်။ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူရစေရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖြစ်ထွန်း၍ အလုပ်အကိုင်အခွင့်အလမ်း များပြားလာစေရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်မှုကို အထောက်အပံ့ဖြစ်စေရေး၊ ဝင်ငွေခွဲဝေဖြန့်ဖြူးနိုင်ရေးစသည့် စီးပွားရေးရည်မှန်းချက်များရှိသကဲ့သို့ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ဆေးလိပ်၊ အရက် စသည်ဖြင့် ကျန်းမာရေး ထိခိုက်စေသောအရာများ သုံးစွဲမှုလျော့နည်းစေရန်၊ ရှောင်ကြဉ်မှုဖြစ်လာစေရန် ရည်မှန်းချက်များလည်း ရှိပေသည်။

အခွန်ဘဏ္ဍာရရှိမှသာ ပြည်တွင်းလုပ်ငန်းများကို နိုင်ငံရပ်ခြားလုပ်ငန်းများ၏ ပြိုင်ဆိုင်မှုမှ အကာအကွယ်ပေးရန်နှင့် နိုင်ငံနယ်နိမိတ်အတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူများအားလုံး၏ အကျိုးစီးပွားမှန်သမျှအတွက် အသုံးပြုနေသည်ကို သိရှိနားလည်ရပေမည်။ ကမ္ဘာပေါ်တွင် အခွန်နှင့်သေခြင်းတရားကို မည်သူမျှရှောင်လွှဲနိုင်စွမ်းမရှိ ဟူသော စကားကို နိုင်ငံသားများက နားလည်သဘောပေါက်ကြရန် လိုအပ်မည်ဖြစ်သည်။

အုပ်ချုပ်သူအစိုးရတို့က မိမိတို့နိုင်ငံ သာယာဝပြောရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ ကောင်းမွန်စေရေးအတွက် အားထုတ်လုပ်ကိုင်ဆောင်ရွက်ရာတွင် လိုအပ်သော အသုံးစရိတ်ဖြစ်သည်ကို နားလည်သဘောပေါက်ကြပြီး အခွန်ဆိုင်ရာ အယူအဆ သဘောတရားများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ထွန်းကားမှုနှင့် အလုပ်အကိုင်အခွင့်အလမ်း အခြေအနေများအပါအဝင် မေခရိုစီးပွားရေး အခြေအနေများကို နားလည်သဘောပေါက်ကြရန်နှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေကြသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လူမျိုးဘာသာ၊ သာသနာအကျိုး ရှေးရှုလျက် အတ္တပရညီမျှစွာဖြင့် တရားမဝင်ကုန်သွယ်မှုများ မပြုလုပ်ဘဲ နိုင်ငံတော်အခွန်ဘဏ္ဍာ တိုးတက်ရရှိစေရေးအတွက် တရားဝင်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

## တရားမဝင်ကုန်သွယ်မှုများပပျောက်ရေး အမျိုးသားတာဝန်အဖြစ် ထမ်းဆောင်ပေး

◆ ဒို့ပြည်ဒို့မြေ ဒို့ရေအတွင်း
ချင်းနင်းဝင်ရောက် ဖျက်မှောင့်တစ်မျိုး
သူခိုးမှောင်ခို မရှိစေလိုက
ပိုမိုဂရုထား စောင့်စားကြည့်ရှု
သတိပြုလော့။

◆ မှောင်ခိုဈေးကွက် တိုးတက်လာက
ရရာအခွန်အခ ဆုံးရှုံးရပြီး
ပြင်ပပေါက်ဈေး မိမိဈေးထက်
တစ်ဝက်မက နိမ့်ကျသွားရာ
ဒို့မှာဆုံးရှုံး အညွှန့်တုံးပြီး
ရင်းနှီးပါပျောက် ဒုက္ခရောက်၏။

◆ ဆေးနှင့်ပစ္စည်း အသီးသီးအပြင်
အလှပြင်ပစ္စည်း ရက်လွန်ကြီးကြောင့်
ဒုက္ခရောက်ရ မလှကိုယ်မှာ
ပို၍သာဆိုး အဖြစ်မျိုးနှင့်
ကြုံရလင့်၏။

◆ တရားမဝင် ရောင်းဝယ်ချင်ကြ
လူ့အန္တြကြောင့် ပျက်ရဈေးနှုန်း
ပြည်တွင်းသုံးကုန် လုံးစုံဈေးကျ
ရှုမလှဘဲ ဈေးကွက်လဲပျက်
ကုန်သည်ခက်၏။

◆ ထို့ကြောင့်ပြည်သူ သိစေမှုပြီး
တားဆီးတိုက်ဖျက် မှောင်ဈေးကွက်ကို
မတိုးတက်ရန် အမျိုးသားမာန်ဖြင့်
မရှင်သန်စေ တားဆီးလေလော့
မပေါ့မဆ မနေကြနှင့်။

ဘိုမျိုး(ရွှေဘို)

# SME ပြခန်းတွေနဲ့ ထုတ်ကုန်တွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် အားလုံးဝိုင်းဝန်းပြသလိုက်တဲ့အခါ ထုတ်ကုန်ပစ္စည်း တစ်ခုနဲ့တစ်ခုရဲ့ အားသာချက်၊ အားနည်းချက်တွေကို ချိန်ထိုးပြီး တစ်ဦးနဲ့တစ်ဦး အနီးကပ်လေ့လာခွင့်ရသွားတဲ့အတွက် အကျိုးရှိတယ်

ဦးရဲဟိန်းကျော်

**ပစ္စည်းချင်းတူလျှင် ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူလျှင် အရည်အသွေး ပိုကောင်းရမည်ဟူသည့် ဆောင်ပုဒ်နှင့်အတူ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ဆက်လက်ကျင်းပလျက်ရှိသည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် လာရောက်ပြသရောင်းချလျက်ရှိသည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများမှ လုပ်ငန်းရှင်များနှင့် လာရောက်လေ့လာကြသည့် ပရိသတ်များ၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည် –**


ဦးစိုးဝင်းမောင်


ဦးရဲဟိန်းကျော်


ကိုဘိုဘိုဟိန်း


ဦးသောင်းမြင့်ထွန်း


မထက်ဝေဝေထွန်း

**ဦးစိုးဝင်းမောင်(UMFCCI ပြခန်း)**
**မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း**

ဒီပြပွဲမှာ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ပြခန်းမှာ အသင်းတွေအားလုံး စုပေါင်းပြီးတော့ လာရောက်ပြသတာဖြစ်ပါတယ်။ ကျွန်တော့်အသင်းအနေနဲ့ ပြည်ပကိုတင်ပို့နေတဲ့ ပဲ၊ နှမ်း စတဲ့သီးနှံနမူနာတွေနဲ့ အသင်းရဲ့လှုပ်ရှားမှုတွေ၊ တောင်သူတွေ စိုက်ပျိုးတဲ့အဆင့်ကနေ နိုင်ငံခြားကို တင်ပို့တဲ့အထိ လုပ်ငန်းစဉ်အဆင့်ဆင့်နဲ့ အသင်းက လွှင့်တင်ထားတဲ့ ဝက်ဘ်ဆိုက်နဲ့ Application မှာ လွှင့်တင်ထားတဲ့ ပြည်တွင်း/ပြည်ပက နေ့စဉ်ကုန်ဈေးနှုန်းဆိုင်ရာ သတင်းအချက်အလက်တွေကိုလည်း အများပြည်သူသိရှိအောင် ပြသတာဖြစ်ပါတယ်။ ကျွန်တော်တို့ စိုက်ပျိုးရေးလုပ်ငန်းမှာ လုပ်ငန်းအကြီးအကျယ်တွေအစား လုပ်ငန်းငယ်လေးတွေနဲ့ စကြရတာများပါတယ်။ MSME လုပ်ငန်းနဲ့ ပတ်သက်ပြီးတော့လည်း ပဲ၊ ပြောင်း၊ နှမ်းမှာဆိုရင် ပဲခွဲစက်လုပ်ငန်း၊ ပဲအခွံချွတ်လုပ်ငန်း၊ အမှုန့်ကြိတ်လုပ်ငန်းတွေ ရှိတယ်။ နှမ်း၊ မြေပဲ၊ ပန်းနှမ်း၊ ပဲပုပ်စတဲ့ ဆီထုတ်လုပ်ရေးလုပ်ငန်းတွေက ကျွန်တော်တို့နဲ့ ဆက်နွယ်နေတယ်။ ရန်ကုန်တိုင်းမှာဆိုရင်လည်း ပဲတီစိမ်းကို ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) ထုတ်ကုန်အဖြစ် ထုတ်လုပ်နေတာရှိတယ်။ ကျန်တဲ့နေရာတွေမှာလည်း ဒေသတစ်ခု ထုတ်ကုန်တစ်ခု အနေနဲ့ လုပ်နေတဲ့သီးနှံတွေလည်း ရှိပါတယ်။ ပဲအများစုကို တရုတ်နဲ့အိန္ဒိယကို ပို့တာများတယ်။ ပဲတီစိမ်းဆိုရင်တော့ ပဲပင်ပေါက်အသုံးပြုတဲ့ ဥရောပနိုင်ငံတွေအထိ တင်ပို့နိုင်တာကတော့ ကျွန်တော်တို့ နိုင်ငံအတွက် ဂုဏ်ယူစရာလည်းဖြစ်တယ်။ အဲဒီလိုမျိုး ပဲတီစိမ်းနဲ့ပတ်သက်ပြီး စိုက်ပျိုးချိန်ကနေ တင်ပို့ချိန်အထိ လိုအပ်တဲ့ ထောက်ခံချက်တွေ၊ အစားအစာ ဘေးကင်းလုံခြုံမှုတွေအထိ ဆောင်ရွက်ရမယ့် လုပ်ငန်းတွေကို ပြသထားပါတယ်။ လုပ်ငန်းရှင်တစ်ဦးဟာ လုပ်ငန်းနဲ့ ဆက်စပ်ပြီးတော့ လုပ်ဆောင်ရမယ့်လုပ်ငန်းတွေ အများကြီးရှိတယ်။ အဲဒါတွေကိုလည်း အခုပြပွဲမှာ တစ်နေရာတည်းမှာ စုစုစည်းစည်းနဲ့ တစ်ထိုင်တည်း ပြုလုပ်လို့ရတဲ့ အစီအစဉ်တွေပါလာတာတွေ့ရတော့ လုပ်ငန်းပိုပြီး တွင်ကျယ်လာတယ်လို့ မြင်တယ်။ ကျွန်တော်တို့ ပဲ၊ ပြောင်း၊ နှမ်းကဏ္ဍအနေနဲ့ တစ်ပြည်လုံး စိုက်ပျိုးတဲ့သီးနှံလည်းဖြစ်တယ်။ ပဲ၊ ပြောင်း၊ နှမ်း တိုးတက်ရင် လယ်ယာကဏ္ဍ တစ်ခုလုံး တိုးတက်တယ်လို့ ပြောလို့ရတယ်။ နိုင်ငံတကာမှာလည်း ယှဉ်ပြိုင်ပြီးတော့ ရောင်းချနေရတာဖြစ်တဲ့အတွက် ထုတ်တဲ့ အရည်အသွေးလည်း ကောင်းရမယ်၊ ဘေးကင်းလုံခြုံမှုလည်းရှိရမယ်၊ လိုအပ်တဲ့ ထောက်ခံချက်တွေကအစ ဂရုစိုက်ပြီး ဆောင်ရွက်နိုင်မယ်ဆိုတဲ့ တောင်သူရော၊ နိုင်ငံရော၊ စားသုံးသူအတွက်ရော ဦးတည်ပြီးတော့ သွားကြဖို့ တိုက်တွန်းလိုပါတယ်။

**ဦးရဲဟိန်းကျော်(တွဲဖက်အတွင်းရေးမှူး)**
**မြန်မာနိုင်ငံဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းပြခန်း**

ကျွန်တော်တို့ပြခန်းမှာ ကုမ္ပဏီလေးခုစုပေါင်းပြီးတော့ ဘဲလေးတံဆိပ် ဆီလုပ်ငန်း၊ Lotus နဲ့ Meizen ဆီလုပ်ငန်းရယ်၊ စံချိန်တံဆိပ် မြေပဲဆီရယ်၊ MGMD ကုမ္ပဏီရဲ့ ရွှေတောင်တံဆိပ် မြေပဲဆီ၊ ပဲပိစပ်ဆီ၊ ဖွဲ့နုဆီစီမံကိန်းနဲ့ GGPG ရဲ့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလက ဖွင့်လှစ်နိုင်ခဲ့တဲ့ မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး မြေပဲဆီနဲ့ နေကြာဆီ (Reginary) အဆင့်မြင့် ဆီစက်လုပ်ငန်းကို လာရောက်မိတ်ဆက်ပြသတာဖြစ်ပါတယ်။ SME ပြခန်းတွေနဲ့ ထုတ်ကုန်တွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ပြပွဲကျင်းပခြင်းအားဖြင့် အားလုံး ဝိုင်းဝန်းပြသလိုက်တဲ့အခါ ထုတ်ကုန်ပစ္စည်း တစ်ခုနဲ့တစ်ခုရဲ့ အားသာချက်၊ အားနည်းချက်တွေကို ချိန်ထိုးပြီး တစ်ဦးနဲ့တစ်ဦး အနီးကပ် လေ့လာခွင့်ရသွားတဲ့အတွက် အကျိုးရှိတယ်။ SME ကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် လုပ်ငန်းရှင်တွေကို လုပ်ငန်းလုပ်ကိုင်ဖို့အတွက် လွယ်လွယ်ကူကူဖြစ်အောင် ပံ့ပိုးပေးတယ်ဆိုရင် အဆင်ပြေတယ်။ ကုန်ပစ္စည်းထုတ်လုပ်ဖို့ ကုန်ကြမ်းတွေ၊ ဆက်စပ်ပစ္စည်းတွေ အလွယ်တကူဝယ်ယူရရှိရေး ဆောင်ရွက်ပေးနိုင်တယ်ဆိုရင် တော်တော်လေး အဆင်ပြေပါတယ်။ နောက်ထပ်ပြောချင်တာကတော့ ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ပြပွဲလိုမျိုး တစ်နှစ်ထက်တစ်နှစ် ပိုပြီးဆန်းသစ်တဲ့ထုတ်ကုန်တွေ ပေါ်ထွက်လာအောင်၊ နိုင်ငံတကာနဲ့ယှဉ်နိုင်တဲ့ ကုန်ပစ္စည်းတွေထုတ်လုပ်နိုင်အောင် တိုင်းနဲ့ပြည်နယ်အလိုက် နှစ်စဉ်နှစ်တိုင်း ကျင်းပခြင်းအားဖြင့် ဒီထက်ပိုပြီး အောင်မြင်လာမှာပါ။ အခုပြခန်းမှာလာပြီး လေ့လာတဲ့သူတွေအတွက်လည်း ကံစမ်းမဲ အစီအစဉ်တွေရှိတယ်။ လက်ဆောင်လေးတွေပေးတယ်။ ဒါကြောင့် လာရောက်လေ့လာအားပေးကြဖို့လည်း ဖိတ်ခေါ်ပါတယ်။

**ကိုဘိုဘိုဟိန်း**
**(GS1 Myanmar Barcode အသင်း)**

ကျွန်တော်တို့လုပ်ငန်းကို ၂၀၁၉ မှာ စတင်ခဲ့ပါတယ်။ ၂၀၁၉ ထဲမှာပဲ GS1ရဲ့ အဖွဲ့ဝင်ဖြစ်လာခဲ့ပါတယ်။ GS1 ဆိုတာ ဘယ်လ်ဂျီယံနိုင်ငံမှာ တည်ရှိတဲ့ တစ်ကမ္ဘာလုံးဆိုင်ရာစံအဖွဲ့မှာ အဖွဲ့ဝင်အဖြစ် GS1 မြန်မာလို့ ဖြစ်လာခဲ့ပါတယ်။ ကျွန်တော်တို့ လုပ်ဆောင်ပေးတဲ့အရာကတော့ ထုတ်ကုန်တွေရဲ့ ဘားကုတ်တွေကိုအဓိကဝန်ဆောင်မှုပေးတယ်။ ဘားကုတ်နဲ့ပတ်သက်တဲ့ အသိပညာတွေ ဖြန့်ဝေပေးတယ်။ MSME နဲ့ ပတ်သက်တဲ့ ထုတ်ကုန်တွေမှာ ဘားကုတ်တွေထည့်သွင်းဖို့ အသိပညာတွေလည်း ဖြန့်ဝေပေးပါတယ်။ ကျွန်တော်တို့အများဆုံးဝန်ဆောင်မှုပေးနေရတဲ့ လုပ်ငန်းတွေကတော့ စားသောက်ကုန်လုပ်ငန်းတွေ ဖြစ်ပါတယ်။ နောက်ထပ် အထည်ချုပ်၊ ပြည်တွင်းထုတ်ကုန်မှန်သမျှကို ဝန်ဆောင်မှုပေးနေပါတယ်။ ဘားကုတ်သုံးစွဲခြင်းရဲ့ အဓိကအားသာချက်ကတော့ ပြည်တွင်းဈေးကွက်မှာပဲဖြစ်ဖြစ်၊ ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချတာပဲဖြစ်ဖြစ် ဘားကုတ်တွေပါပြီဆိုရင် လွယ်လွယ်ကူကူ လျင်လျင်မြန်မြန် တင်ပို့ရောင်းချနိုင်မှာဖြစ်ပါတယ်။ ဘားကုတ်တွေက အများကြီးရှိပေမယ့် မြန်မာနိုင်ငံ ဘားကုတ်အသင်းက ထုတ်ပေးတဲ့ ဘားကုတ်တွေကို အသုံးပြုပေးဖို့ ပြောလိုပါတယ်။ မြန်မာနိုင်ငံမှာ တရားဝင် ဘားကုတ်ထုတ်ပေးတဲ့အသင်းအနေနဲ့ ကျွန်တော်တို့ရဲ့ GS1 Myanmar တစ်ခုတည်းပဲရှိပါတယ်။ နိုင်ငံတော်အနေနဲ့ အခုလိုပွဲတွေလုပ်ပေးတဲ့အတွက် တစ်နေရာတည်းမှာပဲ One Stop Service လုပ်ပေးနိုင်ပါတယ်။ ဒီပွဲမှာဆိုရင် ဘားကုတ်လိုအပ်ချက်ရှိတဲ့ လုပ်ငန်းရှင်တွေကို ဝန်ဆောင်မှုတွေအများကြီးလုပ်ပေးခဲ့ပါတယ်။ တချို့ဆိုလာပြီးလျှောက်ထားကြပါတယ်။ ကျွန်တော်တို့ ရန်ကုန်မှာဆိုရင် အသိပညာပေးတာတွေ အမြဲပြုလုပ်ပါတယ်။ လုပ်ငန်းရှင်တွေအနေနဲ့ ဘားကုတ်တွေကိုအသုံးပြုခြင်းအတွက် မိမိထုတ်ကုန်တွေကို ဈေးကွက်ခိုင်မာပြီး ပြည်သူတွေ ယုံယုံကြည်ကြည် ဝယ်ယူသုံးစွဲနိုင်ခြင်းကြောင့် လုပ်ငန်းရှင်တွေအနေနဲ့လည်း ဈေးကွက်ကို ပိုမိုတင်ပို့ရောင်းချနိုင်ပြီး ဈေးကွက်ကိုလည်း ပိုမိုချဲ့ထွင်နိုင်မယ်လို့ ပြောလိုပါတယ်။

**ဦးသောင်းမြင့်ထွန်း**
**(ပဲခူးတိုင်းဒေသကြီး)**
**ခင်ခင်နှင်းယိုမျိုးစုံထုတ်လုပ်ရေးလုပ်ငန်း**

ကျွန်တော်တို့ ယိုမျိုးစုံလုပ်ငန်းကတော့ ပြည်မြို့နယ်မှာ အခြေစိုက်ပြီး မိဘတွေလက်ထက်ကတည်းက လုပ်ခဲ့တဲ့ နှစ်ပေါင်း (၆၀) ကျော် သက်တမ်းရှိတဲ့ လုပ်ငန်းတစ်ခုပါ။ မျိုးရိုးစဉ်ဆက် သမားရိုးကျလုပ်လာတဲ့ အသေးစားလုပ်ငန်းလေးကို ဒုတိယမျိုးဆက်ဖြစ်တဲ့ ကျွန်တော်တို့လက်ထက်မှာတော့ နိုင်ငံတော်အကြီးအကဲတွေရဲ့ အားပေးမြှင့်တင်မှုတွေနဲ့အတူ သမဝါယမအသင်းတွေ၊ စီးပွား/ကူးသန်းတို့လို ဌာနဆိုင်ရာတွေရဲ့ ပူးပေါင်းကူညီမှုနဲ့ အခုဆိုရင် ကျွန်တော်တို့လုပ်ငန်းလေးဟာ ဒေသတွင်းအဆင့်ကနေ အခု ပြည်ထောင်စုအဆင့်ပြပွဲတွေအထိ လာရောက်ပြသရောင်းချနိုင်ခဲ့ပါပြီ။ ဌာနဆိုင်ရာတွေရဲ့ ပူးပေါင်းကူညီမှုတွေနဲ့အတူ လုပ်ငန်းတိုးတက်မှုအနေနဲ့ ထုပ်ပိုးမှုပုံစံတွေကို နည်းစနစ်ကျကျနဲ့ စိတ်ဝင်စားစရာဖြစ်အောင် ပြင်ဆင်ထုပ်ပိုးတယ်။ ဒီပြပွဲမှာ အထူးသဖြင့် ချဉ်ပေါင်သီးလို စိုက်ပျိုးစရိတ်လည်း မလိုဘူး၊ မြေနေရာနဲ့ လုပ်အားလေး စိုက်လိုက်ပြီးတော့ ဒေသတွင်းမှာ ကုန်ကြမ်းပေါပေါများများ ရနိုင်တဲ့အရာကို ကုန်ကြမ်းအဆင့်ကနေ ယိုစုံအဖြစ် ထုတ်လုပ်ပြီးတော့ ပြည်မြို့ကို ရောက်ရင် ကတွတ်ယို၊ ချဉ်ပေါင်ယို၊ ကရေကရာ အစရှိတဲ့ အိမ်ပြန်လက်ဆောင်တစ်ခုအနေနဲ့လည်း ဈေးကွက်မှာ အောင်အောင်မြင်မြင်နဲ့ နေရာရနေပါပြီ။ အခုပြိုင်ပွဲမှာလည်း ချဉ်ပေါင်ဖူးယိုနဲ့ ပြည်စပယ်ရှယ်ကတွတ်ယို တန်ဖိုးမြှင့်ထုတ်ကုန်အနေနဲ့ ပဲခူးတိုင်း ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ဖြစ်တယ်။ ဒီပြပွဲ ပြိုင်ပွဲမှာ အကျိုးရလဒ်အနေနဲ့ ကျွန်တော်တို့ရဲ့ ခင်ခင်နှင်းချဉ်ပေါင်ဖူးယိုနဲ့ ယိုမျိုးစုံကို ကုန်တိုက်ကြီးနှစ်ခုနဲ့ ချိတ်ဆက်ပြီး ရောင်းချနိုင်တော့မှာ ဖြစ်တဲ့အတွက် မြို့နယ်အဆင့်၊ တိုင်းအဆင့်ကနေ အခုဆို တစ်နိုင်ငံလုံးဖြန့်ဖြူးနိုင်ဖို့အထိ အခွင့်အလမ်းတွေပေါ်လာပြီး ပြည်တွင်းဈေးကွက် ချိတ်ဆက်မှုတွေ အားကောင်းလာပါတယ်။

ကျွန်တော့်အနေနဲ့ အခုလိုမျိုး ပြပွဲပြိုင်ပွဲတွေ ကျင်းပပေးတဲ့ သက်ဆိုင်ရာဌာနတွေအားလုံးကို ကျေးဇူးတင်သလို နောက်လာမယ့် ပွဲတွေအတွက်လည်း ပူးပေါင်းဆောင်ရွက်ဖို့ အဆင်သင့်ပါပဲခင်ဗျာ။

**မထက်ဝေဝေထွန်း**
**ဒုတိယနှစ်(ဥပဒေ)ကျောင်းသူ**
**Naypyitaw State Academy**

ကျွန်မကတော့ တစ်နိုင်ငံလုံးက ဒေသပေါင်းစုံကနေ လာရောက်ပြသတဲ့ MSME ဈေးရောင်းပွဲကို ကျောင်းပိတ်ရက်မှာ လာရောက်လေ့လာတာပါ။ နေရာပေါင်းစုံက ပြခန်းတွေအကုန်လုံးကတော့ စိတ်ဝင်စားစရာကောင်းသလို ကျွန်မကတော့ ဥပဒေကျောင်းသူတစ်ယောက်ဖြစ်တဲ့အတွက် ဥပဒေရေးရာပြခန်းကို အရင်ဆုံးသွားရောက်လေ့လာခဲ့ပါတယ်။ ပြခန်းတွေထဲက နောက်ထပ် စိတ်ဝင်စားတာက ဒေသထွက်ကုန်ပစ္စည်းတွေနဲ့ ထုတ်လုပ်တဲ့ အလှကုန်ပစ္စည်းတွေကို ကြိုက်ပါတယ်။ အစားအသောက် ထုတ်ကုန်ပြခန်းတွေ၊ အဝတ်အထည် ပြခန်းတွေနဲ့ စာပေရေးရာပြခန်းတွေကို စိတ်ဝင်တစားလေ့လာဖြစ်ခဲ့ပါတယ်။

**တွေ့ဆုံမေးမြန်း – ဇင်ဦး၊ ဟိန်းထက်ဇော်**
**ဓာတ်ပုံ – ဇော်ဘီ**



# (၇၈)နှစ်မြောက် မွန်အမျိုးသားနေ့အခမ်းအနား ဘားအံမြို့နယ်၌ စည်ကားသိုက်မြိုက်စွာကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၁၃**

ကရင်ပြည်နယ် ဘားအံမြို့နယ်အဆင့် (၇၈) နှစ်မြောက် မွန်အမျိုးသားနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘားအံမြို့နယ် ဖဲကတာကျေးရွာ၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးချီးမြှင့်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ တက်ရောက်လာသော မွန်တိုင်းရင်းသားများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ စစ်ကြောင်းကြီးပုံစံဖြင့် မွန်အမျိုးသားနေ့ကျင်းပရာကွင်းအတွင်းသို့ချီတက်ကြပြီး မွန်အမျိုးသားနေ့ကျင်းပရေး ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝါယမ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်ဝန်ကြီးချုပ်(ငြိမ်း) ဦးဇော်မင်းနှင့် သဘာပတိ ဦးမြင့်လွင်တို့က မွန်အမျိုးသားနေ့မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မွန်အမျိုးသားနေ့အခမ်းအနားကို ဆက်လက်ကျင်းပရာ သဘာပတိ အိန္ဒြမွန်ကျောင်းဆရာတော် ဘဒ္ဒန္တဝါယမနှင့်အဖွဲ့ဝင်များ ကြွရောက်နေရာယူကြပြီး မွန်အမျိုးသားအလံတော်အား အလေးပြုကြကာ သဘာပတိ အိန္ဒြမွန်ကျောင်းဆရာတော်က အဖွင့်ဩဝါဒ မိန့်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တိုင်းရင်းသားပြည်သူများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က လိုအပ်သည့်အကူအညီအထောက်အပံ့များကို နှစ်စဉ် ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိသကဲ့သို့ တိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် ကဏ္ဍပေါင်းစုံကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရေး၊ မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မွန်အမျိုးသားနေ့အခမ်းအနားအတွက် ချီးမြှင့်ငွေကျပ်သိန်း ၂၅၀ ကို ကျင်းပရေးကော်မတီဥက္ကဋ္ဌထံ ပေးအပ်ရာ ကျင်းပရေးကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ပြီး သဘာပတိအဖွဲ့ဝင်တစ်ဦးက မွန်အမျိုးသားနေ့ ဗဟိုမှပေးပို့သော သဘာပတိမိန့်ခွန်းကို ဖတ်ကြားကာ မွန်အမျိုးသားနေ့မြေစိုက်ပိုစတာ အကြောင်း မြန်မာဘာသာဖြင့်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျင်းပရေးကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး မွန်စာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက မွန်လူမျိုးအခြေပြုအကြောင်းကို ပြောကြားကာ မွန်ယဉ်ကျေးမှုဟာသ်ာယိမ်းအကဖြင့် ကပြဖျော်ဖြေပြီး မွန်အမျိုးသားနေ့ အခမ်းအနားကို မွန်အမျိုးသားသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ကဏ္ဍအလိုက် ဌာနဆိုင်ရာပြခန်းများ၌ လာရောက်လေ့လာကြည့်ရှုသူများဖြင့်စည်ကား

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ရန်ကုန်တိုင်းဒေသကြီး ကဏ္ဍအလိုက် ဌာနဆိုင်ရာပြခန်းများ၊ ဂီတပွဲတော် လာရောက်ဆင်နွှဲသူများ၊ မီးပုံးပျံလွှတ်တင်မှုများကို လာရောက်ကြည့်ရှုသူများဖြင့် ဖေဖော်ဝါရီ ၁၂ ရက် ညပိုင်းက အထူးစည်ကားခဲ့သည်။

## လိုက်လံကြည့်ရှု

ပြည်သူ့ရင်ပြင် ပွဲတော်မွန်းလွဲပိုင်းတွင် ဌာနဆိုင်ရာပြခန်း ၅၆ ခန်း၊ စက်မှုဇုန်များမှပြခန်း ၁၂၆ ခန်း၊ အသင်းအဖွဲ့များမှ လေးခန်း၊ ဘဏ်ပြခန်း နှစ်ခန်း၊ အသေးစား၊ အငယ်စား၊ အလတ်စားနှင့် သမဝါယမပြခန်း စုစုပေါင်း MSME ပြခန်း ၅၀၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ၁၀ ခန်း၊ သုတ / ရသ စာအုပ်ဆိုင် ၁၅ ဆိုင်၊ ဆီလုပ်ငန်းရှင်များ အသင်းမှ လေးခန်း၊ စားသောက်ဆိုင် ၁၂၀ စုစုပေါင်း ၃၉၀ ပြသထားရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးကြသည်။

ထိုသို့ပြသထားသည့် ကဏ္ဍအလိုက် ပြခန်းများမှတစ်ဆင့် လူငယ်များအတွက် အသိပညာ ဗဟုသုတများစွာ ရရှိစေသကဲ့သို့ ဉာဏ်စမ်းပဟေဠိမေးခွန်းများ ဖြေဆို၍ လက်ဆောင်ပေးသည့် အစီအစဉ်များကို ထည့်သွင်းပေးထားသဖြင့် ကျောင်းသား ကျောင်းသူများ အများဆုံး လာရောက်ကြသည်။

## ပါဝင်ဆင်နွှဲ

ညပိုင်းတွင် လူငယ်လူရွယ်များက နိုင်ငံကျော်တေးသံရှင်များ၏ တေးသီချင်းများ၊ ဒီဂျေ (DJ) များဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေး၍ ပျော်ရွှင်စွာဖြင့် အတူလိုက်ပါသီဆိုကခုန်ကြပြီး အပျော်စီးချားရဟတ်စီးခြင်းများဖြင့် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မီးရှူးမီးပန်းများပစ်ဖောက်နေမှု၊ မီးပုံးပျံ စုပေါင်းလွှတ်တင်မှုများကို ပြည်သူများ ပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ပွဲတော်သို့ လာရောက်ကြသူများအတွက် အလှူရှင်များနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က အာဟာရဒါနအဖြစ် စတုဒိသာများကို နံနက်၊ နေ့လယ်နှင့် ညပိုင်းတို့တွင် ကျွေးမွေးကြကြောင်းနှင့် ပွဲတော်လာပြည်သူများ အဆင်ပြေချောမွေ့စေရန် YBS မော်တော်ယာဉ်များကို နေ့စဉ် နံနက် ၇ နာရီမှ ည ၁၀ နာရီအထိ စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



# ပုသိမ်ကြီးမြို့နယ်၌ မြေပြင်လူဦးရေစာရင်း ကွင်းဆင်းစိစစ်မှုများ ဆောင်ရွက်

**ပုသိမ်ကြီး ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြို့နယ်မြေပြင်လူဦးရေစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီမှ မြို့နယ်အတွင်းရှိ လူဦးရေစာရင်း မှန်ကန်စေရေး၊ မြေပြင်ကွင်းဆင်း စာရင်းစိစစ်မှုများကို ဖေဖော်ဝါရီ ၃ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက မြို့မရပ်ကွက်



အောင်မင်္ဂလာ (၁) အကွက်၌ ကွင်းဆင်း ဆောင်ရွက်လျက်ရှိသည်။

မြေပြင်ကွင်းဆင်း ဆောင်ရွက်ရာတွင် အိမ်ထောင်စုအမှတ်စဉ်နှင့် မိသားစုအမှတ်စဉ်များကို နေရပ်လိပ်စာအတိုင်း နေထိုင်ခြင်း ရှိ/မရှိ၊ စာရင်းပြုစုခြင်း၊ သေဆုံးစာရင်းများ အတည်ပြုခြင်း၊ စာရင်းရှိသော်လည်း မြေပြင်တွင် နေထိုင်မှုမရှိသူများနှင့် စာရင်းမရှိ နေထိုင်သူများ စာရင်းပြုစုခြင်း၊ မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ခြင်း မရှိသူများ၊ အိမ်ထောင်စုစာရင်း မရှိသူများကိုစိစစ်၍ အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်လက်မှတ်တစ်ခုခု ရရှိစေရေးတို့ကို ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်သည်။

အဆိုပါ ကွင်းဆင်းရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ မြို့နယ်ဦးစီးအရာရှိ ဦးကျော်မင်းထွန်း၊ မြို့နယ် မြေပြင်စာရင်းကောက်ယူရေး ကော်မတီဝင်များက ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မှော်ဘီမြို့နယ်၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပ

**မှော်ဘီ ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ (၇၈)ကြိမ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ကဦးဆောင်၍ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးဝင်းအတွင်း၌ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးမြင့်အောင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းစိုးက အမှတ်ပေးစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ အဆိုပါထမနဲထိုးပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၁၆ ဖွဲ့က ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသော အဖွဲ့များအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**



## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ဖေဖော်ဝါရီ ၁၄ ရက်၌ အများအားဖြင့် သာယာမည်ဖြစ်ပြီး ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ (၇၈)နှစ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကျင်းပ

ထားဝယ် ဖေဖော်ဝါရီ ၁၃

**(၇၈) နှစ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ဟန်၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းမင်းလတ်၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်၊ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးနိုင်မင်းနိုင်တို့က (၇၈)နှစ်မြောက် မွန်အမျိုးသားနေ့ အထိမ်းအမှတ်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က နှစ်စဉ်တပို့တွဲလပြည့်ကျော် ၁ ရက်နေ့ ကျရောက်တိုင်း ကျင်းပသည့် မွန်အမျိုးသားနေ့အခမ်းအနားသည် သမိုင်းအစဉ်အလာ၊ ဂုဏ်သိက္ခာကြီးမားပြီး လူမျိုးတစ်မျိုး၏ အထွတ်အမြတ်ဖြစ်သည့်အားလျော်စွာ မွန်လူမျိုးအားလုံး မိမိတို့ရောက်ရှိနေထိုင်ကြသော နေရာဒေသအနှံ့အပြားတွင် အသီးသီးကျင်းပလျက်ရှိကြောင်း၊ မွန်လူမျိုးတို့၏ ဘာသာစကား၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ သမိုင်းအစဉ်အလာများ မပျောက်ကွယ် မတိမ်ကောသွားစေရန် ထိန်းသိမ်းသွားရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ မွန်လူမျိုးတို့၏ ဇာတိသွေး၊ ဇာတိမာန် အစဉ်နိုးကြားပြီး စည်းလုံးညီညွတ်မှုရှိစေရန်၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး အတူတကွပေါင်းစည်းပြီး စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်သွားရန် စသည့်ကောင်းမြတ်သော ရည်ရွယ်ချက်များဖြင့် ကျင်းပလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခွန်သန့်ဇော်ထူး



ထံမှ(၇၈)နှစ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်က ဖတ်ကြားပြီး မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးနိုင်မင်းနိုင်က ကျေးဇူးတင်စကား ပြောကြားသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

နေပြည်တော် ပျဉ်းမနားမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် ပြုတွင်းကျေးရွာအုပ်စု သရက်ကုန်းကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများ သိရှိနားလည်စေရန်၊ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ပံ့ပိုးကူညီဆောင်ရွက်နိုင်စေရန်၊ လူမှုကွန်ရက်မီဒီယာများနှင့် တရားမဝင် သတင်းဌာနများက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သတင်းမှားများကို အယုံလွယ် လမ်းမှားမရောက်ရှိစေရေး တရားဝင်သတင်းဌာနများ၏ ထုတ်ပြန်ချက်များကိုသာ လေ့လာနိုင်ရေး အသိပညာပေး ဆောင်ရွက်ရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ စစ်မှုထမ်းဆောင်ရန် အကျုံးဝင်သူများအား ဆင့်ခေါ်ခြင်း၊ ပြည်သူ့စစ်မှုထမ်းသင်တန်းများသို့ စေလွှတ်ခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးကောက်ခံခြင်း၊ ရယူခြင်းများ ပြုလုပ်သဖြင့် မလိုလားအပ်သည့် ပြဿနာများ ဖြစ်ပေါ်လျက်ရှိရာ တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်ရန် အကြောင်းကြားထားရှိပြီးဖြစ်သော်လည်း အချို့မြို့နယ်များ၌ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက ငွေကြေးကောက်ခံမှု၊ ရယူမှုများရှိနေသဖြင့် တိုင်ကြားမှုများ ဖြစ်ပေါ်လျက်ရှိပြီး စစ်မှုထမ်းဆောင်ရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်မှန်သမျှသည် ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရသည့် လုပ်ငန်းစဉ်များဖြစ်၍ ငွေကြေးကောက်ခံမှု၊ ရယူမှုမရှိစေရေး ရပ်ကွက်/ကျေးရွာအဆင့်အထိ အလေးထားလိုက်ပါဆောင်ရွက်နိုင်စေရေးနှင့် အရွယ်ရောက်သူ နိုင်ငံသားအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် အမျိုးသား စစ်မှုထမ်းစနစ်တွင် ပါဝင်ထမ်းဆောင်ကြရန်နှင့် အားပေးထောက်ပံ့ ကူညီပံ့ပိုးပေးကြပါရန် ပြည်သူလူထုအား ချပြရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဝင်း(ပြန်/ဆက်)**



# မင်းဘူး(စကု)မြို့နယ်၌ မီးဘေးလုံခြုံရေးစစ်ဆေး

**မင်းဘူး ဖေဖော်ဝါရီ ၁၃**

မင်းဘူး(စကု)မြို့နယ်၌ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာသင်ကျောင်းများ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဦးဆောင်ပြီး ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူများက မင်းဘူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် စကုမြို့ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းရှိ စာသင်ကျောင်းဆောင်များ၌ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကင်းဝေးစေရန် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**

# ကလေးမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်

**ကလေး ဖေဖော်ဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ပြည်ထောင်စုနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယမန်နေ့ ညနေ ၃ နာရီခွဲက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။



ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးတင့်က အမှာစကားပြောကြားပြီး အမှတ်ပေးဒိုင်အဖွဲ့က အမှတ်ပေးစည်းမျဉ်းများကိုရှင်းပြ၍ ပြိုင်ပွဲဝင်အသင်းများ၏ ပြင်ဆင်ထားရှိမှုများကို အကဲဖြတ်စစ်ဆေးကာ ထမနဲထိုးပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

ထမနဲထိုးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ကိုးသင်းပါဝင်ယှဉ်ပြိုင်ကြပြီး မြို့မိမြို့ဖအသင်းက ပထမ၊ ကျန်းမာရေးအသင်းက ဒုတိယ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအသင်းက တတိယဆုများ ရရှိခဲ့ကြရာ ဆုရရှိသောအသင်းများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြိုင်ပွဲဝင်အသင်းသားများ၊ ထမနဲထိုးပြိုင်ပွဲကို လာရောက် အားပေးသူများနှင့် ရပ်ကွက်နေပြည်သူများက အိုးစည်ဒိုးပတ်ဝိုင်းများဖြင့် တစ်ခဲနက် လာရောက်အားပေးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ KG တန်းမှ ကလေးများအား ကျောင်းတွင်းနေ့လယ်စာ အာဟာရကျွေးမွေးခြင်းကို ဖေဖော်ဝါရီ ၁၃ ရက်က အမှတ်(၃)ရပ်ကွက် မူလတန်းကျောင်း၌ ကျွေးမွေးစဉ်။ မြို့နယ်(ပြန်/ဆက်)

# သံဖြူဇရပ်မြို့နယ်၌ သစ်တော၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**သံဖြူဇရပ် ဖေဖော်ဝါရီ ၁၃**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ဖေဖော်ဝါရီ ၁၁ ရက်က နှစ်ကိုင်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာနဦးစီးမှူး ဦးဝင်းဗိုလ်ဦးက တောမီးမရှို့ရေး၊ တစ်ဖက်ပိတ်ကန်များတူးဖော်ခြင်း၊ မိုးရေစုကန်များ ပြုလုပ်၍ ရေကိုစုဆောင်းချွေတာသုံးစွဲရေး၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများကို မီးမရှို့ဘဲ သဘာဝမြေဩဇာပြုလုပ်နည်းများ ပြုလုပ်နိုင်ရန်၊ သစ်တောထွက် သယံဇာတပစ္စည်းများ ထိန်းသိမ်းရန် သစ်တော၊ သစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသော အကြောင်းအရာများကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဂါဇာဒေသပြန်လည်တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၁ ဘီလီယံခန့်လိုအပ်

**ဂျီနီဗာ ဖေဖော်ဝါရီ ၁၃**

အစ္စရေးတို့၏ တိုက်ခိုက်မှုအပြီး ဂါဇာကမ်းမြောင်ဒေသ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၁ ဘီလီယံခန့် လိုအပ်မည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ လိုအပ်ချက်များအတွက် ကြားဖြတ်အကဲဖြတ်မှုကို ကုလသမဂ္ဂက ဖေဖော်ဝါရီ ၁၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အစ္စရေးနှင့် ဟားမားစ်အုပ်စုတို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိပြီးနောက် ယခုလိုအကဲဖြတ်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။ ဂါဇာကမ်းမြောင်ဒေသရှိ နေအိမ် ၆၀ ရာခိုင်နှုန်းနှင့် လမ်း ၆၅ ရာခိုင်နှုန်းသည် ပျက်စီးသွားပြီဖြစ်ကြောင်း အစီရင်ခံစာတွင် ပါရှိသည်။

စာသင်ကျောင်း ၈၈ ရာခိုင်နှုန်းမှာလည်း ပျက်စီးသွားပြီဖြစ်သည်။ အစ္စရေး-ဟားမားစ် ပဋိပက္ခအတွင်း အပျက်အစီး တန်ချိန်သန်း ၅၀ ကျော် ထွက်ရှိကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။ ကြီးမားသည့် အပျက်အစီးများအောက်တွင် မပေါက်ကွဲသေးသည့် အန္တရာယ်ရှိသောပစ္စည်းများရှိသဖြင့် အဆိုပါ လက်နက်ပစ္စည်းများကို ဖယ်ရှားခြင်းလုပ်ငန်းမှာ ခက်ခဲပြီး ငွေကုန်ကြေးကျများကြောင်း ကုလသမဂ္ဂက ပြောသည်။

ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ပထမသုံးနှစ်အတွင်း လိုအပ်ချက်များမှာ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၆ ဘီလီယံလိုအပ်မည်ဟု ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**



# အမေရိကန်၏ ရန်ပုံငွေရပ်တန့်လိုက်ခြင်းကြောင့် ကူးစက်ရောဂါများ တိုက်ဖျက်မှုအပေါ် ပြင်းထန်သည့်သက်ရောက်မှုရှိ

**ဇူးရစ်ချ် ဖေဖော်ဝါရီ ၁၃**

နိုင်ငံခြားအကူအညီများအတွက် အမေရိကန်မှ ရန်ပုံငွေ ဆက်လက်ထောက်ပံ့ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အကြီးအကဲက တိုက်တွန်းခဲ့သည်။

အမေရိကန်မှ ရန်ပုံငွေဆိုင်းငံ့လိုက်ခြင်းသည် တစ်ကမ္ဘာလုံးဆိုင်ရာ ကူးစက်ရောဂါများ တိုက်ဖျက်ရာတွင် ပြင်းထန်သည့်သက်ရောက်မှုများဖြစ်လာနိုင်ကြောင်း ၎င်းကပြောကြားခဲ့သည်။ ဆွစ်ဇာလန်နိုင်ငံ၌ ဖေဖော်ဝါရီ ၁၂ ရက်ကပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ တက်ဒရို့စ် အက်ဒ်ဟာနွန်ဂီဘရီယက်ဆုက ယခုလို တိုက်တွန်းမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နိုင်ငံခြားအကူအညီများကို ရက်ပေါင်းကိုးဆယ်ကြာ ဆိုင်းငံ့သည့်အမိန့်တွင် လက်မှတ်ရေးထိုးခဲ့သည်။ အမေရိကန်အစိုးရ၏ ဆုံးဖြတ်ချက်သည် အိတ်ချ်အိုင်ဗွီနှင့် ပိုလီယိုကဲ့သို့ကူးစက်ရောဂါများတိုက်ဖျက်ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ လုပ်ဆောင်မှုများကို ပြင်းထန်စွာ ထိခိုက်စေကြောင်း တက်ဒရို့စ်က ပြောသည်။




အမေရိကန်မှ ရန်ပုံငွေဖြတ်တောက်လိုက်ခြင်းအတွက် အေအိုင်ဒီအက်စ်ရောဂါကုသရေး၊ စစ်ဆေးရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ယာယီဆိုင်းငံ့သွားကြောင်း ၎င်းက ဆက်ပြောသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ ပိုလီယိုရောဂါတိုက်ဖျက်ရေးတွင်လည်း ဆိုးကျိုးသက်ရောက်မှုများရှိကြောင်း ၎င်းက ပြောသည်။

အမေရိကန်ပေါ်တွင် ဘဏ္ဍာရေးဆိုင်ရာဝန်ထုပ်ဝန်ပိုးသက်ရောက်မှုများ ပြုပြင်ပြောင်းလဲရေးနှင့် လျှော့ချရေးလုပ်ငန်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တက်ဒရို့စ်က ပြောသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အမေရိကန်သမ္မတအဖြစ် ပထမဦးဆုံးရုံးတက်သည့်ရက်တွင်ပင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ နုတ်ထွက်ရန် ၎င်း၏အစီအစဉ်ကို ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အစ္စရေးနှင့် သဘောတူထားသည့်အတိုင်း ဂါဇာအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဆက်လက်အကောင်အထည်ဖော်သွားမည်

**ဂါဇာ ဖေဖော်ဝါရီ ၁၃**

သဘောတူထားသည့် အချိန်ဇယားအတိုင်း ပါလက်စတိုင်းအကျဉ်းသားများနှင့် အစ္စရေးဓားစာခံတို့ လဲလှယ်ရေးအပါအဝင် သဘောတူထားသည့်အတိုင်း အစ္စရေးနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၃ ရက်တွင် ဟားမားစ်က အတည်ပြုပြောကြားသည်။

ဟားမားစ်ကိုယ်စားလှယ်များသည် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် အကောင်အထည်ဖော်ရေးနှင့် အကျဉ်းသားများအတွက် ဓားစာခံများ လဲလှယ်ရေးဆွေးနွေးရန် စေ့စပ်ညှိနှိုင်းသူများနှင့်အတူ ကိုင်ရိုင်၌ ဆွေးနွေးပွဲများပြုလုပ်ခဲ့ကြောင်း ဟားမားစ်က ပြောကြားသည်။

အီဂျစ်နှင့် ကာတာနိုင်ငံတို့မှ စေ့စပ်ညှိနှိုင်းသူများက အတားအဆီးများ ဖြေရှင်းရန်နှင့်သဘောတူညီချက်ကို ဆက်လက်အကောင်အထည်ဖော်သွားမည့် ၎င်းတို့၏ ကတိကဝတ်များကို အတည်ပြုခဲ့ကြောင်း ထုတ်ပြန်ထားသည်။

ဟားမားစ်တို့က ဖေဖော်ဝါရီ ၁၅ ရက်တွင် လွှတ်ပေးရန် စီစဉ်ထားသည့်ဓားစာခံများ လွှဲပြောင်းပေးရေးကို ထပ်မံသတိပေးသည့်အချိန်အထိ ရွှေ့ဆိုင်းသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၀ ရက်က ကြေညာထားသည်။

**ဆင်ဟွာ**

# အာရှတိုက်တွင် လေထုညစ်ညမ်းမှု အဆိုးဆုံးအဆင့်သို့ ရောက်ရှိ

**ဘန်ကောက် ဖေဖော်ဝါရီ ၁၃**

လေထုညစ်ညမ်းခြင်းသည် အာရှတိုက်အစိတ်အပိုင်းအများစုတွင် အမြင့်ဆုံးအဆင့်အထိ ရောက်ရှိလျက်ရှိသည်။ အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင် အသက်ငါးနှစ်အောက်ကလေးငယ် ၁၀၀ ကျော် လေထုအဆိပ်သင့်မှုနှင့်စပ်လျဉ်းသည့် ဖြစ်စဉ်များကြောင့် နေ့စဉ်သေဆုံးလျက်ရှိကြောင်း ယူနီဆက်ဖ် (ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့)က ခန့်မှန်းထားသည်။

ဒေသတွင်း၌ အသက်ငါးနှစ်အောက် ကလေးငယ်လေးဦးလျှင် တစ်ဦးမှာ လေထုအဆိပ်သင့်မှုဖြင့် သေဆုံးလျက်ရှိပြီး ယင်းမှာ အာဟာရချို့တဲ့သေဆုံးခြင်းပြီးလျှင် ဒုတိယမြောက် သေဆုံးမှုအများဆုံးဖြစ်ကြောင်း သိရသည်။

လေထုအရည်အသွေးမကောင်းသောနေရာများတွင် နေထိုင်လျက်ရှိသော ကလေးငယ် သန်း ၅၀၀ ရှိကြောင်း ယူနီဆက်ဖ်က ထုတ်ပြန်ဖော်ပြထားသည်။

ဒေသတွင်း၌ လေထုအရည်အသွေးသည် ပုံမှန်အားဖြင့် ခြောက်သွေ့ရာသီအတွင်း အဆိုးဆုံးအခြေအနေသို့ ထိုးကျသွားလေ့ရှိသည်။ မော်တော်ယာဉ်အိတ်ဇောများနှင့်စက်မှုလုပ်ငန်းများမှ ထွက်ရှိသည့် လေထုညစ်ညမ်းမှုများသည် အဓိကလေထုညစ်ညမ်းမှုကို ဖြစ်စေသည့်အကြောင်းတရားများဖြစ်သည်။

ကလေးများသည် အပူပေးခြင်းနှင့် ချက်ပြုတ်ရာမှ ထွက်ပေါ်လာသော လေထုညစ်ညမ်းမှုများနှင့် ထိတွေ့လျက်ရှိသည်။ ကလေးဘဝလေထုညစ်ညမ်းမှု၏အကျိုးသက်ရောက်မှုသည် လူကြီးဘဝရောက်သည့်အချိန်အထိ လွှမ်းမိုးမှုရှိကြောင်း ယူနီဆက်ဖ်အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ရာသီဥတုမန်နေဂျာ နီကိုးလက်စရီးစ်က ပြောသည်။



ဗီယက်နမ်မြို့တော် ဟန္နိုင်းတွင် လေထုညစ်ညမ်းမှုအရည်အသွေးအဆင့် ဆိုးရွားစွာမြင့်တက်လျက်ရှိသည်။ ယခုသီတင်းပတ်အတွင်း ကမ္ဘာတစ်ဝန်းလုံး၌ လေထုညစ်ညမ်းမှု အဆိုးရွားဆုံးဖြစ်ကြောင်း ဆွစ်အခြေစိုက် လေထုအရည်အသွေးစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

**အင်န်အိတ်ချ်ကေ**

# တူကီယဲနိုင်ငံရဲတပ်ဖွဲ့က ဓာတုဆေးပြား ခြောက်သိန်း သိမ်းဆည်းရမိ

**အစ္စတန်ဘူလ် ဖေဖော်ဝါရီ ၁၃** – တူကီယဲနိုင်ငံအနောက်မြောက်ပိုင်း ဘူဆာပြည်နယ်၌ ဖေဖော်ဝါရီ ၁၃ ရက်က ဆေးဝါးနှင့်စိတ်ကြွဆေးအပါအဝင် ဓာတုဆေး ခြောက်သိန်းကို သိမ်းဆည်းရမိပြီး သံသယရှိသူတစ်ဦးကိုလည်း တူကီယဲရဲတပ်ဖွဲ့က ထိန်းသိမ်းထားကြောင်း နိုင်ငံပိုင်အန်နာဒိုလူအေဂျင်စီက ထုတ်ပြန်ထားသည်။

ဘူဆာပြည်နယ်ရဲဌာန၊ မူးယစ်ရာဇဝတ်မှုဌာနခွဲက အဆိုပါစစ်ဆင်ရေးကို စုံစမ်းစစ်ဆေးပြီး မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသည်ဟု သံသယရှိသူကို စောင့်ကြည့်ခဲ့ကြောင်း သတင်းဌာနမှ သိရသည်။ ရဲတပ်ဖွဲ့က သံသယရှိသူကို ဖမ်းဆီးခဲ့ပြီး ယာဉ်တစ်စီးအတွင်း သေတ္တာများထဲ၌ ထည့်ထားသည့် ဆေးပြား ခြောက်သိန်းကို သိမ်းဆည်းရမိခဲ့ကြောင်းနှင့် ရဲဌာနမှ တာဝန်ရှိသူများက မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှု နှိမ်နင်းရေးလုပ်ငန်းများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အန်နာဒိုလူက ဆက်လက်ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ခုနစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၁၁ ရက်တွင် စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Fortuner မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကို လည်းကောင်း၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် ယင်းမာပင်မြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီးနှင့် ဆီဘောက်ဆာယာဉ် တစ်စီး(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၉၅၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၄၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် လှိုင်ဘုံကျေးရွာအုပ်စု လှာကဒေါင်ကျေးရွာ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၁၁၆၂၇၅) ကိုလည်းကောင်း၊ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၂၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် - Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၃၆၆၂၇၅ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြောင်းမြမြို့နယ်နှင့် မအူပင်မြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့်ဥတ္တရခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၅ ဒသမ ၄၆၀ တန်၊ အခြားသစ် ၃၇ ဒသမ ၀၀၀ တန် စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၇၀၈၉၆၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၇ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၆၃၀၅၂၃၉) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် သိသာစွာထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ ရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများ၊ ဂေဟစနစ်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System – CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၃ ရက်မှ ၉ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်ကျွန်း ၂၀ ဒသမ ၂၁၉၂ တန်၊ သစ်မာ ၃၃ ဒသမ ၀၈၉၂ တန်၊ အခြား ၉၁ ဒသမ ၄၉၀၁ တန် စုစုပေါင်း ၁၄၄ ဒသမ ၇၉၈၅ တန်၊ ယာဉ်/ ယန္တရား ၁၆ စီး၊ တရားခံ ၂၀ ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၀) ယနေ့ စတင်ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၃**

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၀) ကို ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပွဲစဉ် (၂၀)အဖြစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် သုဝဏ္ဏကွင်း၌ Dagon Port အသင်းနှင့် သစ္စာအားမာန်အသင်း၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် သုဝဏ္ဏကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် မြဝတီအသင်း၊ ဖေဖော်ဝါရီ ၁၆ ရက်တွင် သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် မဟာယူနိုက်တက်အသင်း၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် သုဝဏ္ဏကွင်း၌ ရှောဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ ဖေဖော်ဝါရီ ၁၈ ရက်တွင် သုဝဏ္ဏကွင်း၌ ရတနာပုံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၉) အပြီးတွင် ချန်ပီယံအသင်း ထွက်ပေါ်ပြီးဖြစ်သော်လည်း ဒုတိယနှင့် တတိယအပါအဝင် ထိပ်ဆုံးငါးသင်းစာရင်းဝင်ရန်၊ တန်းဆင်းဇုန်မှ လွတ်မြောက်ရေးကြိုးပမ်းမည့် အသင်းများကြောင့် ယခုတစ်ပတ်ပွဲများမှာ ပြိုင်ဆိုင်မှုပြင်းထန်ဖွယ်ရှိနေသည်။ ထိပ်ဆုံးသုံးသင်းစာရင်းဝင်ရန် ရန်ကုန်ယူနိုက်တက်၊ ဟံသာဝတီယူနိုက်တက်နှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့၏ အားပြိုင်မှု၊ တန်းဆင်းဇုန်ထဲမှ ရခိုင်ယူနိုက်တက်နှင့် မြဝတီအသင်းတို့၏ ရုန်းကန်မှုများကို တွေ့မြင်ရမည်ဖြစ်သည်။

**ရဲရင့်လွင်**

❐ *ကျောဖုံးမှ*

ငွေသားဒေသ တန်ဖိုးငွေ ၃၃၁၅ သိန်း) နှင့် အိုက်စ် (မက်သ်အဖက်တမင်း) ၁၈ ကီလို (တစ်ကီလိုလျှင် သိန်း ၈၀ နှုန်းဖြင့် ငွေး ဒေသတန်ဖိုးငွေ သိန်း ၁၄၄၀)တို့ကို လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၁ နာရီခွဲတွင် တန့်ယန်းမြို့ ရပ်ကွက် (၂)တွင် မောင်ရွှေအောင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မွန်းလွဲ ၁ နာရီခွဲတွင် တန့်ယန်းမြို့ ရပ်ကွက်(၇) ရှိ ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၀၀၊ ဘိန်းဖြူ ၂၀ ဂရမ် ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၇၅၀၀ (တစ်ပြားလျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် ငွေးဒေသတန်ဖိုးငွေ ၇၅ သိန်း)၊ ဘိန်းဖြူ ၂၀ ဂရမ်(တစ်ဂရမ်လျှင် ၂၀၀၀၀ ကျပ်နှုန်းဖြင့် ငွေးဒေသတန်ဖိုးငွေ ၄ သိန်း) သိမ်းဆည်းရမိခဲ့သည်။



မောင်ရွှေအောင် အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



အိုက်ထွန်း အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၁၂ နာရီတွင် နမ့်စန်မြို့နယ် မက်မွန်မုန်းကျေးရွာအုပ်စု ကုန်ပုတ်ကျေးရွာရှိ အိုက်ထွန်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၅၀ (တစ်ပြားလျှင် ၅၀၀ ကျပ်နှုန်းဖြင့် ငွေးဒေသတန်ဖိုးငွေ ၁၀၀ ဒသမ ၂၅ သိန်း) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**
**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## မှော်ဘီမြို့နယ် ရိုးကြီးကျေးရွာ၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မှော်ဘီမြို့နယ် ရိုးကြီးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်လင်းသန်းက ကွန်ကရစ်လမ်းသစ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ ရိုးကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်ဝင်းတို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကွန်ကရစ်လမ်းသစ်ကို ကြည့်ရှုကြသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်ကို အရှည်ပေ ၂၅၀၀၊ အကျယ် ၁၀ ပေ၊ ဒုခြောက်လက်မဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ ကျပ် ၈၃ ဒသမ ၃၀၂ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူ အကောင်ထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**ဝင်းဇော် (ပြန်/ဆက်)**

## ညောင်တုန်းမြို့နယ်၌ (၂၃) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ညောင်တုန်း ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဖလား ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ အသက်(၂၃)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြပြီး (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ အသက်(၂၃)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ကြည့်ရှုအားပေးသည်။



ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်းစုံ အသက်(၂၃) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် ဂိုး၊ နောက်တန်း၊ အလယ်တန်း၊ ရှေ့တန်းနှင့် အကောင်းဆုံးဘောလုံးသမားဆု ရရှိကြသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လည်းကောင်း၊ ပူးတွဲပထမဆုရရှိသော မြို့မဇုန်အသင်းနှင့် ဆားမလောက်ဇုန်အသင်းတို့အား ပထမဆုဖလားနှင့် ငွေသားဆု ငွေကျပ်၃၅သိန်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဓနုဖြူမြို့နယ်၌ ကျေးလက်ဒေသရေရရှိရေးလုပ်ငန်း ဖွင့်ပွဲကျင်းပ

**ဓနုဖြူ ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ဇီးဖြူကုန်းကျေးရွာအုပ်စု တော်ကြီးကျေးရွာ၌ ကျင်းပသည်။



ထို့နောက် အခမ်းအနားကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်၊ အဖွဲ့ဝင်ဗိုလ်မှူးဟိန်းထက်ဇော်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တော်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော် ဘဒ္ဒန္တ ခေမာသီဝံသက အမှာစကား မိန့်ကြားသည်။

အဆိုပါ ကျေးရွာတွင် ရေသန့်ရရှိရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရင်းနှီးမတည်ငွေကျပ်သိန်း ၂၅၀ နှင့် ကျေးရွာမှ ကျပ်သိန်း ၅၀ တည်ဆောက်ထားရှိခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## တံတားဦးမြို့နယ် အိမ်မြင့်စံကျေးရွာ ရွှေအိမ်စံစာကြည့်တိုက် ဖွင့်ပွဲကျင်းပ

**တံတားဦး ဖေဖော်ဝါရီ ၁၃**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် သဲမောင်းကန်ကျေးရွာအုပ်စု အိမ်မြင့်စံကျေးရွာ ရွှေအိမ်စံစာကြည့်တိုက်ဖွင့်ပွဲကို ယမန်နေ့က အဆိုပါကျေးရွာ စာကြည့်တိုက် အဆောက်အအုံသစ်၌ ကျင်းပသည်။



ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရွှေအိမ်စံစာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံသစ်မှာ အလျားပေ ၂၀၊ အနံ ၁၉ ပေ၊ အမြင့် ၁၂ ပေဖြစ်ပြီး နိုင်ငံတော်က မတည်ငွေ ငွေကျပ်သိန်း ၁၅၀၊ အလှူရှင်စေတနာရှင်များက ထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၁၀၀ စုစုပေါင်းကုန်ကျငွေကျပ် သိန်း ၂၅၀ ဖြစ်ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ဒဂုံမြို့သစ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိတို့က စက်ရုံများအရောက် Mobile Training Bus ဖြင့် ဖေဖော်ဝါရီ ၁၁ ရက်က စက်ရုံလေးရုံတွင် ကွင်းဆင်းဟောပြောခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ခရိုင်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်နှင့် ဦးစီးအရာရှိ ဦးအောင်မြတ်သူတို့က ၁၉၅၁ ခုနှစ် အလုပ်ရုံများအက်ဥပဒေ၊ ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေ၊ ၂၀၁၆ ခုနှစ် အခကြေးငွေပေးချေရေး ဥပဒေတို့ပါ အလုပ်သမားများ၏ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ရွာသာကြီး(အကြီးစား)စက်မှုဇုန်ရှိ Emerald Footwear Mfg Co., Ltd. ဖိနပ်စက်ရုံ၊ Vince Myanmar ဖိနပ်စက်ရုံ၊ Real Star Asia Garment Co., Ltd. အထည်ချုပ်စက်ရုံ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အရှေ့ဒဂုံစက်မှုဇုန်ရှိ Ming Cheng (Myanmar) ဖိနပ်စက်ရုံများသို့ အသိပညာပေးဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းသန်းအေး(ပြန်/ဆက်)**



## တာချီလိတ်မြို့၌ ပညာ့အလင်းရောင် စာကြည့်တိုက်ဖွင့်လှစ်

**တာချီလိတ် ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပညာ့အလင်းရောင်စာကြည့်တိုက် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ဟွေလေလန်ကျေးရွာရှိ အဆိုပါ စာကြည့်တိုက် အဆောက်အအုံရှေ့တွင် ကျင်းပသည်။

ဦးစွာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဌေး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးနှင့် ဟွေလေလန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအိုက်ဆက်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံသစ်မှာ အလျားပေ ၂၀၊ အနံ ၁၉ ပေ၊ အမြင့် ၁၀ ပေရှိပြီး မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီက ခွင့်ပြုငွေကျပ်သိန်း ၁၅၀ နှင့် ဒေသခံပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၁၀၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဆံတော်ရှင်မြသပိတ်စေတီတော်မြတ်ကြီးအား ကြာသင်္ကန်းဆက်ကပ်ကာ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူ

**သထုံ ဖေဖော်ဝါရီ ၁၃**

မွန်ပြည်နယ် သထုံမြို့ သိင်္ဂနိတ်တောင်ထိပ်ရှိ ဆံတော်ရှင်မြသပိတ် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ်အဖြစ် (သတ္တမ)အကြိမ်မြောက် ကြာသင်္ကန်းဆက်ကပ်ခြင်း၊ တံခွန်အသစ် ထီးတော်တင်လှူခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်းအခမ်းအနား ကို ယမန်နေ့က အဆိုပါစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ကျင်းပသည်။

ဦးစွာ သထုံမြို့ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တ သုမနာဘိဝံသထံမှ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ သထုံတပ်နယ်မှူး ဗိုလ်မှူးကြီးအောင်အောင်ဟိန်း၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဝင်များနှင့် တက်ရောက်လာသည့် ဧည့်ပရိသတ်များက သီလ ခံယူဆောက်တည်ကြပြီး တံခွန်တိုင်သစ်၌ တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ထီးတော်၊ ငှက်မြတ်နားတော်နှင့် ကြာသင်္ကန်းတော်တို့အား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ ပဋ္ဌာဂီရိ ချမ်းမြေ့စည် လောကီလောကုတ္တရာ ပညာသင်ကြားရေး သီလရှင်ကျောင်းမှ သီလရှင် ဆရာကြီး ဆရာလေးများက ကြာသင်္ကန်းတော်အား စေတီတော်မြတ် ကြီး အထက်ဆီသို့ တင်လှူပူဇော်ပေးကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ သထုံတပ်နယ်မှူးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များက ရပ်ပွားတော်မြတ်တို့အား ကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြသည်။



ဆက်လက်၍ စေတီတော်ရင်ပြင်တော်၌ တံခွန်တိုင်သစ်အား ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ သထုံတပ်နယ်မှူးနှင့် အလှူရှင်တို့က စိန်ဖူး တော်၊ ထီးတော်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်ကြပြီး သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ဧည့်ပရိသတ်တို့က အနုမောဒနာတရားများ နာကြားကာ လှူဒါန်းမှုတို့ကို ရေစက်သွန်းချအမျှဝေခဲ့ကြသည်။

အဆိုပါနေ့တွင် သံဃာတော်အရှင်သူမြတ် အပါး ၅၀ ခန့်အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်များကို ဆက်ကပ်လောင်းလှူခဲ့ကြောင်း သိရ သည်။

**ခရိုင်(ပြန်/ဆက်)**

# တွံတေးမြို့နယ်၌ မူကြိုကလေးများ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ

**တွံတေး ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ မူကြိုကလေးများအား ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က မင်းပိုင်းရပ်ကွက် မြို့ နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တော်ဝင်စန္ဒကူးခန်းမ၌ ကျင်းပ သည်။

အဆိုပါပြိုင်ပွဲတွင် မူကြိုကလေးငယ်များအတွက် ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီးတို့၏ ဂုဏ်ပြုလက်ဆောင်များကို ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေနှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက် မှုကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်စွဲ့ခင်မာဝင်းတို့က တာဝန်ရှိသူများထံ ပေးအပ်ကြပြီး တွံတေးမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆရာမအား ဂုဏ်ပြုလက်ဆောင်၊ မူကြိုကလေးများအတွက် ဂုဏ်ပြုငွေများ ပေးအပ် ခြင်းနှင့် မူကြိုကျောင်းတာဝန်ကျ ဆရာမများအား ဂုဏ်ပြုလက်ဆောင် များ ပေးအပ်သည်။ ဆက်လက်၍ တိုင်းဒေသကြီး မိခင်နှင့် ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များ၊ တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်၊ ဒလမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက မူကြိုကလေး ငယ်များ၏ အာလူးကောက်ပြိုင်ပွဲ၊ ဖားခုန်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ အရောင် ရွေးချယ်ပြိုင်ပွဲ၊ အင်္ဂလိပ်စာလုံး အဓိပ္ပာယ်ဖော်ပြိုင်ပွဲ၊ ကဗျာရွတ်ဆို ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။

**တွံတေးသား**



# လူဦးရေစာရင်းမှန်ကန်စေရေး မြေပြင်ကွင်းဆင်းစိစစ်ခြင်းလုပ်ငန်းဆောင်ရွက်

**တံတားဦး ဖေဖော်ဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီးတံတားဦး မြို့နယ်၌ အသက် ၁၈ နှစ်နှင့် အထက် လူဦးရေစာရင်းမှန်ကန် စေရေးအတွက် မြေပြင်ကွင်းဆင်း စိစစ်ခြင်းကို လူဝင်မှုကြီးကြပ်ရေး နှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးလွင်က ဖေဖော်ဝါရီ ၁၁ ရက် တွင် တံတားဦးမြို့နယ် အမှတ် (၂) ရပ်ကွက်နှင့် အမှတ်(၃) ရပ်ကွက်တို့တွင် မြေပြင်ကွင်းဆင်း စိစစ်ခြင်းလုပ်ငန်း ဆောင်ရွက်နေ



မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေး သည်။

အဆိုပါ မြေပြင်စာရင်း ကောက်ယူရာတွင် ခရိုင်မြေပြင် ကွင်းဆင်းကောက်ယူရေး တွဲဖက် အတွင်းရေးမှူး ဦးသန်းနိုင်၊ မြို့နယ်မြေပြင် ကွင်းဆင်း ကောက်ယူရေးကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် အတွင်း ရေးမှူး ဦးတင်စိုးတို့၏ ဦးဆောင်မှု ဖြင့် မြို့နယ်လဝကဝန်ထမ်းများ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ နှင့် စာရေးဝန်ထမ်းများနှင့်အတူ မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာ များအလိုက် မြေပြင်ကွင်းဆင်း ကောက်ယူခြင်း လုပ်ငန်းများကို ဖေဖော်ဝါရီ ၅ ရက်မှ စတင်၍ ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျိုက္ခမီမြို့ ကျားဆိပ်ငါးကုန်ထုတ်ကွန်ကရစ်လမ်းနှင့် ဆိပ်ကမ်းသာကွန်ကရစ်လမ်း ဖွင့်ပွဲကျင်းပ

**သံဖြူဇရပ် ဖေဖော်ဝါရီ ၁၃**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျိုက္ခမီမြို့ အောင်သုခရပ်ကွက်ရှိ ကျားဆိပ်ငါး ကုန်ထုတ်ကွန်ကရစ်လမ်းနှင့် ဆိပ်ကမ်းသာကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို အဆိုပါကွန်ကရစ်လမ်း၌ ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မိုးလွင် က အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေး၊ အဖွဲ့ဝင် ဗိုလ်မှူးသက်ထွန်းဦး၊ အဖွဲ့ဝင် ဦးအောင်သန်း၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်အေးအေးယုတို့က ကျိုက္ခမီမြို့ ကျားဆိပ်ငါးကုန်ထုတ်ကွန်ကရစ်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ခဲ့သည်။

အဆိုပါ ကွန်ကရစ်လမ်းမှာ အရှည်ပေ ၆၇၀၊ အကျယ် ၁၆ ပေ ရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် တန်ဖိုးငွေ ကျပ်သန်း ၄၀ ဒသမ ၇၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ အရှည်ပေ ၇၅၀၊ အကျယ် ၁၂ ပေ ၆ လက်မရှိ ဆိပ်ကမ်း သာကွန်ကရစ်လမ်း ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် သံဖြူဇရပ်မြို့နယ် စည်ပင်သာယာ ရေးအဖွဲ့က ပြည်နယ်ရန်ပုံငွေကျပ် ၃၂ သန်းဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်( ၉၄) ရပ်ကွက် ဖူဆယ်ဘောလုံးကွင်း၌(၉၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် အိမ်ရာစီမံခန့်ခွဲရေးကော်မတီရုံးမှပူးပေါင်း၍ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖြိုးသူမောင်က အမှာစကားပြောကြားပြီး (၉၄) ရပ်ကွက် အုပ်ချုပ် ရေးမှူး၊ အိမ်ရာစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဇင်က ကျေးဇူး တင်စကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ပထမဆုကို လည်းကောင်း၊ ဒုတိယဆုကို မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဝင် ဦးကျော်မိုးကြည်ကလည်းကောင်း၊ တတိယဆုကို မြို့မိမြို့ဖ ဦးခင်မောင်ဝင်းက လည်းကောင်း ဂုဏ်ပြုချီးမြှင့်ခဲ့ကြသည်။

**စည်သူမောင်မောင်(ပြန်/ဆက်)**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

(၇၈)နှစ်မြောက် ပြည်ထောင်စု နေ့အထိမ်းအမှတ် အားကစား ပြိုင်ပွဲပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့က သူနာပြုတက္ကသိုလ် (ရန်ကုန်) ၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

အခမ်းအနားတွင် သူနာပြု တက္ကသိုလ် (ရန်ကုန်) ပါမောက္ခ ချုပ် ဒေါက်တာ တင်တင်ကျော်



က အမှာစကားပြောကြား ပြီး အားကစားပြိုင်ပွဲဆုရ မောင်မယ်များနှင့် အကဲဖြတ်ဒိုင် များအား ဆုများ ပေးအပ်ချီးမြှင့် ခဲ့သည်။

**တက်ရောက်**

အခမ်းအနားသို့ သူနာပြု တက္ကသိုလ်(ရန်ကုန်) ပါမောက္ခ ချုပ်နှင့် ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် အထူး ဖိတ်ကြားထားသော ဧည့်သည် များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

# (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာမြင်းစီးနှင့် နိုင်ငံတကာမြင်းစီးအားကစားပြိုင်ပွဲများ ကျင်းပ


ရိုးရာမြင်းစီးအားကစား ဒုန်းအလတ်တန်းပြိုင်ပွဲ ယှဉ်ပြိုင်စဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်ထောင်စုတံခွန်စိုက်ဖလား မြန်မာ့ရိုးရာမြင်းစီးနှင့် နိုင်ငံတကာမြင်းစီးအားကစားပြိုင်ပွဲများကို ယမန်နေ့က ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် မြင်းစီးအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်နှင့် ဒုတိယဥက္ကဋ္ဌများက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အားကစားဝါသနာရှင်များက ပထမနေ့ ပြိုင်ပွဲဒုန်း (ပိုနီတန်း)၊ ဒုန်း (အငယ်တန်း)၊ ဒုန်း (အလတ်တန်း)၊ ဒုန်း (အကြီးတန်း)၊ အသက် ၁၄ နှစ်အောက် Show Jumping ၊ အသက် ၁၄ နှစ်မှ ၁၈ နှစ် Show Jumping ပြိုင်ပွဲများကို ကြည့်ရှုအားပေးသည်။

အဆိုပါ ရိုးရာမြင်းစီး အားကစားပြိုင်ပွဲတွင် ဒုန်းအကြီးတန်း၊ ဒုန်းအလတ်တန်း၊ ဒုန်းအငယ်တန်း၊ ဒုန်း Pony၊ မြန်မာ့ရိုးရာအသားကျ၊ ရိုးရာစားရေးပြိုင်ပွဲ၊ ရိုးရာစက်ထိုးစီးနင်းပြိုင်ပွဲ (Tent Pegging )စသည် အမျိုးအစားများတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထို့ပြင် အပြည်ပြည်ဆိုင်ရာ မြင်းစီးအားကစားပြိုင်ပွဲတွင် Children တန်းခုန်ပြိုင်ပွဲ (အသက် ၁၄ နှစ်အောက်)၊ Junior တန်းခုန်ပြိုင်ပွဲ (အသက် ၁၄ နှစ်နှင့် ၁၈ နှစ်အတွင်း)၊ Youth တန်းခုန်ပြိုင်ပွဲ (အသက် ၁၆ နှစ်နှင့် ၂၁ နှစ်အတွင်း)၊ Senior တန်းခုန်ပြိုင်ပွဲ (အသက် ၂၁ နှစ်အထက်)၊ Cross Country အလွတ်တန်း (အသက် ၁၆ နှစ်အထက်) တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်မှ မြင်းစီးအားကစားသမား ၁၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# မူကြိုကလေးများ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က မူကြိုကလေးများ၊ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက ပုဇွန်တောင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဗိုလ်တထောင်ခရိုင်အတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေး မူကြိုကျောင်းများမှ မူကြိုရင်သွေးငယ်လေးများက အာလူးကောက်ပြိုင်ပွဲ၊ ဘောလုံးဖောက်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ A to F အင်္ဂလိပ်အက္ခရာပြိုင်ပွဲ၊ က မှ ဆ အထိ မြန်မာအက္ခရာ ရွတ်ဆိုပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ကြပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေနှင့် အဖွဲ့ဝင်များ၊ ဗိုလ်တထောင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းကြည်နှင့် ဗိုလ်တထောင်ခရိုင်အတွင်းရှိ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများမှ မူကြိုရင်သွေးငယ်လေးများအား အမှတ်တရ လက်ဆောင်များနှင့် အာဟာရဖြည့်စွက်အစားအစာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဟန်စုယဉ်**



# ပေါင်းတည်၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး

**ပေါင်းတည် ဖေဖော်ဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အခြေခံပညာကျောင်းများတွင် သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချနိုင်ရေးအတွက် အသိပညာပေး ဟောပြောခဲ့သည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲများကို မြို့နယ်သစ်တောဦးစီးမှူး ဦးဗန်လာအဲငါက စီစဉ်ကြီးကြပ်၍ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေး၊ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ခေါင်းစဉ်များဖြင့် တောအုပ်ကြီး ဦးသိန်းတိုးအောင် ဦးဆောင်ကာ သစ်တောဝန်ထမ်း ငါးဦးဖြင့် ဖေဖော်ဝါရီလ ပထမပတ်တွင် အထက (ပေါင်းတည်)၌လည်းကောင်း၊ အထက(မင်းကွက်)၌လည်းကောင်း အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရွှေသား(ပြန်/ဆက်)**

# မအူပင်မြို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကွန်ကရစ်လမ်းဖွင့်ပွဲကျင်းပ

**မအူပင် ဖေဖော်ဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ကွန်ကရစ်လမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ထနီဒေါင့်ကျေးရွာတွင် ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက အမှာစကားပြောကြားပြီး ကွန်ကရစ်လမ်းအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးသက်ဖော်ထွန်းနှင့် မအူပင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမနားကီး၊ လက်ထောက်ညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (ဝံပုံ)

အဆိုပါကျေးရွာတွင်းကွန်ကရစ်လမ်းအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ သန်း စုစုပေါင်းငွေကျပ် ၁၈ သန်းဖြင့် လမ်းအရှည် ၈၄၅ ပေ၊ အကျယ် ခုနစ်ပေ၊ ဒု ခုနစ်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**



# ဝေါမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် အသိပညာပေး

**ဝေါ ဖေဖော်ဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းထွန်းနှင့် တပ်ဖွဲ့ဝင်များက အိမ်များ၊ ဈေးဆိုင်များနှင့် စက်ရုံ၊ အလုပ်ရုံများတွင် မီးလောင်မှုဖြစ်ပေါ်ရသည့်အကြောင်းရင်းများ၊ မီးမလောင်စေရန် အလွယ်ကူဆုံးနည်းလမ်းများ၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သတိပြုရမည့်အချက်များ၊ ကြိုတင်ပြင်ဆင်ထားရမည့်ပစ္စည်းများအကြောင်းကို ယနေ့တွင် အသိပညာပေး ရှင်းလင်းပြောကြားပြီး မီးဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကျောင်းကုန်းမြို့၌ မီးဘေးလုံခြုံရေး စစ်ဆေး

**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၃**

ကျောင်းကုန်းမြို့ပေါ်ရှိ ဘဝရှေ့ဆောင်ကိုယ်ပိုင်အထက်တန်းကျောင်း၌ မီးဘေးလုံခြုံရေးအတွက်ယနေ့နံနက်၁၀ နာရီက မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်း ခေါင်းဆောင်၍ တပ်ဖွဲ့ဝင်များက ကိုယ်ပိုင်ကျောင်းများ၌ မီးသတ်ဆေးဘူးထားရှိမှု၊ လျှပ်စစ်သွယ်တန်းသုံးစွဲမှု၊ မီးသုံးစွဲမှု၊ မီးဘေးတားဆီးကာကွယ်ရေးပစ္စည်းများ ထားသိုသုံးစွဲမှုအခြေအနေများကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# ညောင်လေးပင်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေး

**ညောင်လေးပင် ဖေဖော်ဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းကို ညောင်လေးပင်မြို့ မြို့မ(၂)ရပ်ကွက်အတွင်း၌ ယနေ့ မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ အသိပေးနှိုးဆော်ရာတွင် ညောင်လေးပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်၊ အဖွဲ့ဝင် ဦးဇော်မင်းယု၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကိုကိုဌေး၊ မြို့နယ်လျှပ်စစ်ဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေ၊ အရန်တပ်ဖွဲ့ဝင်များပူးပေါင်း၍ ရပ်ကွက်အတွင်းရှိ အိမ်များ၌ မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စွမ်းထက် (ညောင်လေးပင်)**

# ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ပွဲ

# ကုသိုလ်ပြုနိုင်ရေးနှိုးဆော်လွှာ



KBZ Pay

ဒါနကုသိုလ်ပြုမယ်

ရွှေတိဂုံစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း

70349401001

Call Center : 3211 www.kbzpay.com

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစ၍ လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ သဒ္ဓါကြည်လင် ပါရမီရှင်များမှ သဒ္ဓါတရားနည်းများမဆို ကုသိုလ်ယူ ပါဝင်လှူဒါန်းနိုင်ပါရန်အတွက် ၂၀၂၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းအစီအစဉ်တွင် KBZ Pay မှလည်း QR Code ဖတ်၍ကုသိုလ်တော်ပါဝင်၍ လှူဒါန်းနိုင်ပါကြောင်းနိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။


## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၁ နှင့် ၅)
## မြိတ်မြို့နယ်တရားရုံး
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၃

အဆောင်ကောင်းစက်မှုလုပ်ငန်းများ နှင့် ဒေါ်ယဉ်ယဉ်
ကုမ္ပဏီလီမိတက်
(ကုမ္ပဏီ၏တာဝန်ခံဦးထွန်းအောင်)
(တရားလို) (တရားပြိုင်)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ လေယာဉ်ကွင်းလမ်း၊ အမှတ်(၈၀) (ယခုနေရပ်လိပ်စာမသိ) ရှိ ဒေါ်ယဉ်ယဉ် သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်စာ ချုပ် ရေးချုပ်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ မတ်လ ၁၀ ရက် (၁၃၈၆ခုနှစ်၊ တပေါင်းလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူတရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဖြိုးဖြိုးစံ)
မြို့နယ်တရားသူကြီး
မြိတ်မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## မြိတ်မြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၅

အဆောင်ကောင်းစက်မှုလုပ်ငန်းများ နှင့် ဦးထင်အောင်
ကုမ္ပဏီလီမိတက်
(ကုမ္ပဏီ၏တာဝန်ခံဦးထွန်းအောင်)
(တရားလို) (တရားပြိုင်)

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြို့မ(၁)ရပ်(ယခုနေရပ်လိပ်စာမသိ) ရှိ ဦးထင်အောင်သိစေရမည်။

သင့်အပေါ်၌တရားလိုက မြေကွက်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်စာချုပ်ရေးချုပ်ပေးစေ လိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ (၁၀)ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူတရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဖြိုးဖြိုးစံ)
မြို့နယ်တရားသူကြီး
မြိတ်မြို့နယ်တရားရုံး

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ရုံးဒေါင့်ကျေးရွာနေ (ဘ) ဦးတင်ကြည်၏ သမီး မတင်ဇာဝင်းထက်နှင့် မချယ်ရီဝင်းသည် တစ်ဦးတည်းဖြစ်ပါ ကြောင်း။

မတင်ဇာဝင်းထက်(ခ)
မချယ်ရီဝင်း

## အမည်ပြောင်း

မော်လမြိုင်ကျွန်းမြို့နယ်၊ အမက(၁၄)လမ်း၊ G-5မှ ဦးအောင်ကိုမင်း ၁၄/မမက(နိုင်) ၁၄၀၃၀၀ ၏သား မောင်မင်းခန့်ကို အားယနေ့မှစ၍ မောင်ပိုင်ထူးလွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ပိုင်ထူးလွင်

## ပျောက်ဆုံးကြောင်း

ဖလမ်းမြို့နယ်၊ ရမ်ထလိုကျေးရွာနေ ဦးရှန်ကျုံး၏သား မောင်ဟင်နရီထန်နိုးလျန် ၄/ဖလန(နိုင်)၀၆၆၆၃၄ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၀၃၀၂၈၂၄

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ကေရာဇ်ရပ်ကွက်နေ မမေသူအောင်(ဘ) ဦးရန်မျိုးအောင် ၁၂/ထတပ(နိုင်) ၁၅၀၇၉၁၏ ပတ်(စ်)ပို့နံပါတ် (MH-393633) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၅၀၉၅၇၁၆

## ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ ဝဲကြီးကျေးရွာ အုပ်စု၊ အောက်ခုံ ကျေးရွာနေ ဦးဝင်းနိုင် ၇/ဖမန(နိုင်) ၀၀၉၈၃၁ ၏ ဖခင်အမည်မှန်မှာ ဦးထွန်းကြိုင် ဖြစ်ပါကြောင်း။

## အမည်မှန်

ပူတာအိုမြို့နယ်၊ အထက ဆန်ဂေါင်ကျောင်း Grade-9 မှ ဦးထင်ဆောဂမ်ငူရ်၏သမီး မထင်ဆောနန်၏ အမည်မှန်မှာ မ-ထင်ဆောမေမွန်းဆန်းဖြစ်ပါကြောင်း။

မ-ထင်ဆောမေမွန်းဆန်း

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၂၁)၊ မိုးကြိုးရွာမ(၂)၊ ဘုရင့်နောင်ရပ်ကွက်၊ သစ္စာလမ်းမကြီးဘေး၊ မြေကွက်အကျယ် အရှေ့(၁၁၈)ပေ၊ အနောက်(၁၆၈)ပေ၊ တောင်လားသော် (၃၄၅)ပေ၊ မြောက်လားသော်(၂၃၅)ပေရှိ မြေကွက်ပေါ်မှ ခွဲထွက်၍ မြေအကျယ်(၄၅x၄၉) ပေ၊ အနံ(၄၀x၄၂)ပေရှိ ဒေါ်ထားထားညွှန့် (၁၂/ဒဂန(နိုင်)၀၁၇၂၄၆) အမည်ပေါက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားရှိပြီး ပိုင်ဆိုင်မှုစာချုပ်စာတမ်းအဆက်စပ်ဖြင့် ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြူစင်မြင့်လှိုင် (၉/ပဥလ(နိုင်)၀၈၀၅၇၀)သည် ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု စာချုပ်စာတမ်း စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ဖြူစင်မြင့်လှိုင်**
၉/ပဥလ(နိုင်)၀၈၀၅၇၀

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်သူလင်း(LL,B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၅၀)
ကွက်သစ်ဈေးအနီး၊ ရပ်ကွက်ကြီး(၂၁)၊
ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၇၈၄၆၆၃၉၃၆၊
၀၉-၄၂၀၁၉၇၇၈၉

## ဖခင်အမည်မှန်

ပူတာအိုမြို့နယ်၊ အထက ဆန်ဂေါင်ကျောင်း Grade-12 မှ မနောလီညီ၏ ဖခင်အမည်မှန်မှာ ဦးအားဖူးဇာ ဖြစ်ပါကြောင်း။

ဦးအားဖူးဇာ

## ဖခင်အမည်မှန်

ပူတာအိုမြို့နယ်၊ အထက ဆန်ဂေါင်ကျောင်း Grade-12 မှ မောင်အားခီဆဲ၏ ဖခင်အမည်မှန်မှာ ဦးခီဆီဂျာ ဖြစ်ပါကြောင်း။

ဦးခီဆီဂျာ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/57362, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော်ဦး ၉/သစန(နိုင်) ၁၃၇၆၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မိတ္ထီလာမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12W/68442, Luojia -110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်း ၉/ဝတန(နိုင်)၁၄၃၄၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မိတ္ထီလာမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၇၈၅၃၈ ယာဉ်လက်ဝယ်ရှိသူ ဦးဂျလာဒင် ၁၀/ခဆန(နိုင်)၀၇၄၉၆၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/47790, Honda Click 150 ယာဉ်လက်ဝယ်ရှိသူ Thu Rizza Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မိတ္ထီလာမြို့)

အလိပ်မှာ စာမှာရှိ

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အမက(ခရိုက်သစ်) ကျောင်း Grade-4 မှ ပညာသင်ကြားနေသော မအင်ကြင်းဖြိုး၏ မိခင်အမည်မှန်မှာ ဒေါ်ခင်စုစုထွေး ၁၀/ခဆန(နိုင်) ၀၉၈၇၉၄ ဖြစ်ပါကြောင်း။

**ဒေါ်ခင်စုစုထွေး**
**၁၀/ခဆန(နိုင်)၀၉၈၇၉၄**

## ပျောက်ဆုံးကြောင်း

မုံရွာမြို့၊ အေးသာယာရပ်နေ ဦးဝင်းကျော်၏သမီး မဆုရည်ထက် ၅/မရန(နိုင်)၃၂၁၇၂၂ ၏ နိုင်ငံကူးလက်မှတ် နံပါတ် MF-786717 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၇၂၄၁၂၇၀**

## ပျောက်ဆုံးကြောင်း

စစ်ကိုင်းမြို့နယ်၊ ဆားတောင်ရွာနေ ဦးအောင်နိုင်မွန်၏သား မောင်ကျော်လှိုင်ဖြိုး ၅/စကန(နိုင်)၃၂၃၁၁၃ ၏ နိုင်ငံကူးလက်မှတ်နံပါတ် MC-903720 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၇၂၄၁၂၇၀**

## အမည်ပြောင်း

ကန့်ဘလူမြို့၊ အထက (၁) G-2 (A)မှ (ဘ) ဦးကျော်တင်မင်း ၅/ကဘလ(နိုင်)၁၃၈၁၅၇၏သား မောင်ရဲသူရအောင်အား မောင်ရှိန်ဝါလင်းမြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၃၂၈၀၁ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနိုင် ၁၀/ကမရ(နိုင်)၀၀၆၉၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၉၂၈၅၈ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုလတ် ၁၀/ကမရ(နိုင်) ၀၉၈၆၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၄၂ယ/၈၅၆၇၈ ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်လွင် ၁၀/ခဆန(နိုင်)၀၅၆၅၅၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

တက္ကသိုလ်အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သော ဒဿနိကဗေဒဘာသာရပ်၏ အသက်(၇၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား/ကျောင်းသူများက ပူဇော်ကန်တော့မည်ဖြစ်ပါသည်။ ဒဿနိကဗေဒ မိသားစု၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီလ (၂၃)ရက်နေ့ (နံနက် ၉:၀၀ နာရီမှ ၁၂:၀၀ အထိ) ရန်ကုန် တက္ကသိုလ် ဒဿနိကဗေဒဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ် မည်ဖြစ်ပါ၍ တက်ရောက်ပူဇော် ကန်တော့ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ အဆက်သွယ်မရရှိသေးသော ဆရာကြီး/ ဆရာမ ကြီးများနှင့် ထည့်ဝင်လှူဒါန်းလိုသော ကျောင်းသား/ကျောင်းသူများသည် အောက်ဖော်ပြပါ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ၏ ဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။

ဖုန်း - ၀၉-၄၀၂၅၉၂၀၇၇၊ ၀၉-၂၅၀၂၈၈၈၁၂၊ ၀၉-၅၀၂၄၂၇၄၊
၀၉-၄၃၀၂၁၆၈၇၊ ၀၉-၇၇၆၀၃၇၀၉၊ ၀၉-၈၈၄၃၀၀၆၄၅၊
၀၉-၂၆၀၅၉၄၈၈၄

## So Digital by Digital Zay Event Invitation

